
INTERNATIONAL BESTSELLER

mgyoe.com
SAMPLE BOOK




# တင်မောင်မြင့်


## ကျိန်စာသင့်အတိတ်
## ချစ်ဆိပ်ရည်ချို

mgyoe.com

mgyoe.com SAMPLE BOOK

Bernhard Schlink သည် ဂျာမန်လူမျိုး
ရှေ့နေ၊ ပညာရှင်နှင့် ဝတ္ထုရေးဆရာတစ်ဦးဖြစ်သည်။
သူရေးသားသောThe Reader(Der Vorleser) ဝတ္ထုကို
၁၉၉၅ ခုနှစ်တွင် ထုတ်ဝေခဲ့ရာ
ဂျာမနီနှင့် အမေရိကန်ပြည်ထောင်စု နှစ်ခုစလုံးတွင်
အရောင်းရဆုံးစာရင်းဝင်ခဲ့ပြီး
ဘာသာစကား ၄၅ မျိုးသို့ ပြန်ဆိုခဲ့သည်။
ထို့အပြင် New York Times သတင်းစာကြီး၏
ရောင်းအားအကောင်းဆုံးစာရင်းတွင်
နံပါတ် ၁ နေရာကို ရောက်ရှိခဲ့သည့်
ပထမဆုံး ဂျာမန်စာအုပ်လည်း ဖြစ်သည်။
၁၉၉၇ ခုနှစ်တွင် Bernhard Schlink သည်
The Reader အတွက်
ဂျာမန်စာပေဆုဖြစ်သော Hans Fallada Prize ဆုနှင့်
ပြင်သစ်ဘာသာသို့ ပြန်ဆိုထားသော စာအုပ်များအတွက်
Prix Laure Bataillon ဆုတို့ကို ရရှိခဲ့သည်။
၁၉၉၉ ခုနှစ်တွင် Die Welt သတင်းစာ၏
Welt-Literaturpreis ဆုကို ချီးမြှင့်ခြင်းခံရပြန်သည်။
၂၀၁၄ ခုနှစ်တွင်မူ Park Kyong-ni ဆုကို ရရှိခဲ့ပြန်သည်။

၂၀၀၈ ခုနှစ်တွင်မူ ဒါရိုက်တာ Stephen Daldry က
The Reader ကို ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့သည်။



Bernhard Schlink

# The Reader



Po Naing Lin/ 2025

# တင်မောင်မြင့်

# ကျိန်စာသင့်အတိတ် ချစ်ဆိပ်ရည်ချို

ISBN 978-99986-52-86-6
K0564

mgyoe.com

mgyoe.com SAMPLE BOOK


ပုံနှိပ်မှတ်တမ်း

---

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ဇန်နဝါရီလ၊ ၂၀၁၆ ခုနှစ်၊ လင်းလွန်းခင်စာပေတိုက်။

ဒုတိယအကြိမ် - စက်တင်ဘာလ၊ ၂၀၂၅ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် - ဦးကျော်ငွေးမင်း၊ အောင်သိန်းသန်း ပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - ဦးလပြည့်ဝေး၊ လပြည့်လင်းပုံနှိပ်တိုက် (၀၀၃၆၉)
အမှတ်-၁၁ (H)၊ ၅၅-လမ်း(လယ်)၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။


မျက်နှာဖုံးသရုပ်ဖော်- မျက်နှာဖုံးပန်းချီပုံမှာ ဆွီဒင်ပန်းချီဆရာမကြီး Ewa Helzen
ရေးဆွဲသော TRAM အမည်ရှိ ရေဆေးပန်းချီကားကို ဖိုးနိုင်လင်း
ဒီဇိုင်းပြုလုပ်ပါသည်။

တန်ဖိုး - ၁၁၅၀၀ ကျပ်


mgyoe.com

mgyoe.com SAMPLE BOOK

# The Reader
by
Bernhard Schlink




# ကျိန်စာသင့်အတိတ်
# ချစ်စိတ်ရည်ချို

တင်မောင်မြင့်
(မြန်မာပြန်)

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၁)

ကျွန်တော့်အသက် ဆယ့်ငါးနှစ်အရွယ်တွင် အသည်းရောဂါ ရခဲ့ပါသည်။ ဆောင်းတွင်းပိုင်းတွင် စခဲ့ပြီး နွေပေါက်သည်အထိ ခံစားခဲ့ရသည်။ နှစ်ဟောင်းသည် မှောင်မိုင်းကာ အအေးဓာတ်က ထွေးပတ်မလုံနိုင်အောင် လွန်ကဲသည့်နှစ် ဖြစ်ပါ၏။ တနေ့တခြား အားနည်းလာသည်။ နှစ်သစ်ကူးချိန်အထိ မသက်သာသေးပါ။ ဇန်နဝါရီထဲ ရောက်တော့ နွေးထွေးစ ပြုလာသည်။ အမေက ကျွန်တော့်အိပ်ရာကို လသာဆောင်သို့ ပြောင်းပေးသည်။ ခုမှပင် ကောင်းကင်ကို ပြန်မြင်ရတော့သည်။ နေရောင်ခြည်နှင့် ပြန်တွေ့ရသည်။ မိုးသားတိမ်လိပ်များကို ကျွန်တော် မော့ကြည့်နေမိသည်။ အိမ်ရှေ့ကွက်လပ်များတွင် ဆော့ကစားနေသည့် ကလေးများ၏ အသံကို ပြန်ကြားရပြီ။ ဖေဖော်ဝါရီ ညနေခင်းတခုတွင် တေးသီငှက်ကလေး တကောင် ဆည်းဆာဘွဲ့ကို ရင့်ကျူးနေသံ ကြားရသည်။

ရက်ပေါင်းများစွာ၊ လပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် ကျွန်တော် စွန့်စွန့်စားစား အပြင်ထွက်ဖို့ စိတ်ကူးလိုက်သည်။ နှစ်ပေါင်းရာချီပြီး သမနိရှည်နေပြီ ဖြစ်သည့် ဘလူမန်လမ်းရှိ ကျွန်တော်တို့ အိမ်ကြီး၏ ဒုတိယထပ်မှ ဘာနော့ဖ်လမ်းအထိ လမ်းလျှောက်ကြည့်မည်။ လွန်ခဲ့သည့် အောက်တိုဘာလ တနေ့တွင် သည်လမ်းပေါ်မှာ ကျွန်တော် အန်ချလိုက်မိခြင်း ဖြစ်သည်။ ထိုနေ့မှစ၍

mgyoe.com

mgyoe.com  SAMPLE BOOK 

ရက်သတ္တပတ်ပေါင်းများစွာ နုံးခွေနေခဲ့သည်။ ကျွန်တော် လုံးဝ မသိသည့် ဝေဒနာမျိုး ဘယ်တုန်းကမှ မခံစားဖူးသည့် ကာယိကဝေဒနာ။ ခြေလှမ်းတလှမ်း လှမ်းဖို့ပင် အနိုင်နိုင်။ အိမ်မှာဖြစ်ဖြစ်၊ ကျောင်းမှာဖြစ်ဖြစ် လှေကားထစ်တွေကို တက်လျှင် ကျွန်တော့် ခြေထောက်များသည် ခန္ဓာကိုယ်ကို မနိုင်မနင်း သယ်ပိုးပြီး တက်ရ သည်။ ကျွန်တော့်တွင် အာဟာရတဏှာဟူသရွေ့ မြူငွေ့မျှ မရှိတော့။ ဘာစားစား အရသာ မရှိ၊ ထမင်းစား စားပွဲတွင် ထိုင်လိုက်လျှင် အော့ချင်အန်ချင် ဖြစ်လာသည် ချည်း။

မနက်မိုးလင်းလို့ နိုးလာလျှင် အာခေါင်တွေ ခြောက်ပြီး ဗိုက်ထဲက ကလီစာ တွေ နေရာမမှန်သလို အော်ဂလီဆန်နေတတ်သည်။ လူက နုံးချည့်ပြီး သာခွေယိုင် ဖြစ်လာသည်၊ လူတော မတိုးချင်တော့၊ ရှက်ဖို့အကောင်းဆုံးမှာ မကြာခဏ ထိုးအန် တတ်ခြင်း ဖြစ်သည်။ ဘယ်တုန်းကမှ သည်လို မဖြစ်ခဲ့ဖူးပါ။ အန်ချင်လာပြီ ဆိုလျှင် ဘယ်လိုမှ ထိန်းမရတော့။ ပါးစပ်ထဲတွင် ပလုတ်ပလောင်းဖြစ်လာပြီး ဝေါခနဲ ထွက်ကျကုန်သည်။ ပါးစပ်ကို လက်ဝါးနှင့် ပိတ်ထားလည်း မရ။

တနေ့ သည်အဖြစ်မျိုးနှင့် ကြုံရချိန်မှာ တိုက်အိုကြီးတလုံး၏ အောက် တွင် ဖြစ်သည်။ နံရံကို အသာမှီလိုက်ပြီး ခြေထောက်နားတွင် အိုင်ထွန်းနေသည့် အန်ဖတ်တွေကို ငုံ့ကြည့်နေမိသည်။ တော်ပါသေးသည်။ ကူကယ်မည့်သူ ရောက် လာသည်။ အမျိုးသမီးတယောက်။ ကျွန်တော့်ကို အခန်းထဲသို့ ခပ်ကြမ်းကြမ်း ဆွဲခေါ်သွားသည်။ လှေကားရင်းက မှောင်နှင့်မည်းမည်း။ အပေါ်ကို မော့ကြည့် လိုက်တော့ အဝတ်ကြိုးတန်းတွေ၊ တန်းတွေပေါ်တွင် လှန်းထားသည့် အဝတ်တွေ က တသီတတန်းကြီး။ အပြင်ကွက်လပ်ထဲတွင် သစ်သားတွေ အပုံလိုက်နှင့် သစ်ခွဲ စက်၊ လွှပိုင်းသံက ငယ်သံပါအောင် အော်နေသည်။

အမျိုးသမီးက ကျွန်တော့်ကို ရေဘုံပိုင်ခေါင်း တခုဆီသို့ ခေါ်သွားပြီး လက်ဆေးပေးသည်၊ ပြီးတော့ သူ့လက်နှစ်ဖက်နှင့် ရေခံပြီး ကျွန်တော့်ကို မျက်နှာ သစ်ပေးသည်။ လက်ကိုင်ပဝါ ထုတ်ပြီး ကျွန်တော့်ဘာသာ မျက်နှာသုတ်သည်။ ဘုံပိုင်နားတွင် ရေပုံးနှစ်ပုံး ရှိသည်။

အမျိုးသမီးက တပုံးကို ဘုံပိုင်အောက် ယူသွားပြီး ရေဖြည့်သည်။ ပြီး တော့ အန်ဖတ်တွေကို ဆေးချသည်။ လက်ကိုလွှဲကာ တအားလောင်းချလိုက် သဖြင့် ကျွန်တော့်အန်ဖတ်တွေ လမ်းနံဘေးရေမြောင်းထဲ ထိုးဆင်းသွားသည်။

mgyoe.com

m gyoe.com SAMPLE BOOK

ပြီးတော့ ကျွန်တော့်လက်ထဲမှ ပုံးခွံကို ယူပြီး သူကိုယ်တိုင် ရေဖြည့်ကာ ကျွန်တော့်အား ဆက်ပြီး လောင်းချခိုင်းသည်။

သူ ခါးဆန့်ပြီး ကျွန်တော့်ဘက် လှည့်ကြည့်တော့ ငိုနေသော ကျွန်တော့်ကို တွေ့သွားသည်။ သူက အထိတ်တလန့် ဖြစ်သွားပုံဖြင့်–

“ဟော့... ကောင်လေး၊ မငိုနဲ့လေ”

ပြောပြီး ကျွန်တော့်ကို သိုင်းဖက်လာသည်။ သူ့ရင်သားတွေနှင့် ကျွန်တော့် ရင်ဘတ် အိခနဲ ဖိမိတော့ ကျွန်တော် ကြက်သီးထသွားသည်။ ကျွန်တော့် ပါးစပ်တခုလုံး ချဉ်စုတ်စုတ်ဖြစ်ကာ အန်ချင်နေဆဲ ဖြစ်၏။ သို့သော် သူ့ကိုယ်နံ့က မွှေးပျံ့နေသည်။ ကျွန်တော် မျက်နှာမထားတတ်တော့။ အလိုလို အငိုရပ်သွားသည်။

လက်ထဲမှ ရေပုံးကို ချပြီး ကျွန်တော် ဘယ်မှာနေလဲ မေးသည်။ ပြီးတော့ ကျွန်တော့်ကို အိမ်အရောက် ပြန်ပို့ပေးသည်။ တလမ်းလုံး လက်တဖက်မှ ကျွန်တော့် လွယ်အိတ်ကို ကိုင်ကာ အခြားတဖက်က လက်မောင်းကို တွဲလျက်။ ဘာနေ့ဖလမ်းနှင့် ဘလူမန်လမ်းမှာ သိပ်မဝေးလှပါ။ ကျွန်တော်တို့ အိမ်ရှေ့ ရောက်တော့ သူ နှုတ်ဆက်ပြီး လှည့်ပြန်သွားသည်။

ထိုနေ့မှာပင် အမေက ဆရာဝန်ပင့်ပြီး ကျွန်တော့်ကို စစ်ဆေးခိုင်းခြင်းဖြစ်သည်။ ကျွန်တော့်မှာ အသည်းရောဂါ ရနေပြီတဲ့။ ကျွန်တော့်ကို အကူအညီပေးသည့် အမျိုးသမီးအကြောင်း အမေ့ကို ပြောပြလိုက်သည်။ အမေ မပြောလျှင် သူ့ဆီ ပြန်သွားဖြစ်မည် မဟုတ်ပါ။ ပန်းတစည်း သွားပို့ပြီး ကျေးဇူးတင်ကြောင်း အမေက ပြောခိုင်းသဖြင့် ဘာနေ့ဖလမ်း အိမ်ကြီးသို့ ကျွန်တော် ပြန်ရောက်သွားခြင်း ဖြစ်ပါသည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၂)

ဘာနေ့ဖ်လမ်းက တိုက်အိမ်ကြီး မရှိတော့ပါ။ ဘာကြောင့် ဖြိုချလိုက်မှန်း၊ ဘယ်တုန်းက ဖျက်လိုက်မှန်း ကျွန်တော် မသိပါ။ ၁၉၇၀–၈၀ ပြည့်နှစ်များဆီက အသစ်ပြန်ဆောက်ခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ ကျွန်တော့် ဇာတိမြို့ကလေးနှင့် နှစ်ပေါင်းများစွာ ကျွန်တော် ဝေးနေခဲ့ပါသည်။ အဆောက်အအုံသစ်မှာ ငါးထပ် ဖြစ်ပြီး ဥပစာအမိုးနှင့် ဖြစ်သည်။ ပြတင်းပေါက်အခုံးတွေ၊ လသာဆောင်တွေ မပါတော့။ အထပ်တိုင်းတွင် အခန်းငယ်ကလေးတွေ အများကြီး ဖွဲ့ထားပြီး အခန်းတံခါးတိုင်းတွင် လူခေါ်ခေါင်းလောင်း ခလုတ်ကလေးတွေ တန်းစီလျက်။ အခန်းငှား၊ အခန်းပြောင်းတွေနှင့် တချိန်လုံး ရှုပ်ယှက်ခတ်နေသည်။ အောက်ဆုံးထပ်က ဆေးဆိုင်နေရာတွင် ခုတော့ ကွန်ပျူတာဆိုင်တွေ၊ ဗွီဒီယိုဆိုင်တွေ ဖြစ်နေပြီ၊ တဖက်တွင် ခေတ်မီကုန်တိုက်ကြီးတခု ဖွင့်ထား၏။

တိုက်ဟောင်းကြီးတုန်းက မြင့်သော်လည်း လေးထပ်သာ ရှိသည်။ ပထမထပ် နံရံများကို ကျောက်တုံးများဖြင့်စီ၍ အပေါ်သုံးထပ်မှာ အုတ်စီ ဖြစ်သည်။ ပြတင်းပေါက်များပေါ်တွင် ရှေးခေတ်ပုံစံအတိုင်း ဂငယ်ပုံစံ အုတ်ချပ်များ စီကာ သရွတ်ကိုင်ထားသည်။ အထပ်တိုင်းတွင် လှေကားခုံများမှာ ကျယ်ကျယ်လွင့်လွင့်ရှိပြီး လှေကားလက်ရန်းများက သံပိုက်လုံးများ ဖြစ်၏။ မြေညီထပ် လှေကား

mgyoe.com

mgyoe.com SAMPLE BOOK

ခြေရင်းမှာ ပိုကျယ်ပြီး ရေဘုံပိုင်ခေါင်းတခု ရှိသည်။ အမျိုးသမီး ကျွန်တော့်ကို သန့်ရှင်းရေး လုပ်ပေးသည့် ရေပိုက်ခေါင်း ဖြစ်၏။ အဝင်တံခါးမကြီး တဖက်တချက် ကျောက်တိုင်ပေါ်မှ ခြင်္သေ့နှစ်ကောင်က လမ်းမပေါ်ကို ကြည့်နေသည်။ တကောင်က မော်ကြည့်ပြီး တကောင်က ငုံ့ကြည့်နေသည်။

သည်တိုက်ဟောင်းကြီးကို ကျွန်တော် ကလေးဘဝကတည်းက မြင်ဖူးနေခဲ့ခြင်း ဖြစ်သည်၊ လမ်းထဲတွင် အမြင့်ဆုံးနှင့် အကြီးဆုံးတိုက်ကြီး ဖြစ်၏။ နေရာယူထားပုံကလည်း ဘေးအိမ်တွေကို တွန်းဖယ်ထားသည့်နှယ်ဟု တွေးကြည့်ဖူးသည်။ လှေကားလက်ရန်းတွေက ကြေးရောင် ပြောင်လက်နေလိမ့်မည်၊ တရံရောအခါက လူကုံထံတွေ နေသွားသည့် အိမ်ကြီး ဖြစ်ရမည်ဟု ကျွန်တော် တွေးကြည့်ဖူးသည်။

တိုက်ကြီးမှာ မှိုင်းညို့ အိုဟောင်းနေလေပြီ၊ ရထားစက်ခေါင်းမှ ပျံ့လွင့်လာသည့် မီးခိုးများ နှစ်ပေါင်းများစွာ ဖြတ်သန်းမှုကြောင့် မည်းညစ်လာခြင်း ဖြစ်လိမ့်မည်။ နေထိုင်သည့် လူများလည်း အိမ်ကြီးလိုပင် အိုမင်းလာပြီဟု ကျွန်တော်ထင်သည်။ အများစုမှာ ဆွံ့အ နားမကြားတွေ၊ ခါးကုန်းနေသည့် လူအိုလူမင်းတွေ၊ ခြေပြတ် လက်ပြတ်တွေများ ဖြစ်ကုန်ပြီလားဟုလည်း တွေးကြည့်ဖူးသည်။

သည်တိုက်အိုကြီးအကြောင်း ဟိုတုန်းက ကျွန်တော် မကြာခဏ အိပ်မက်မက်ဖူးသည်။ သည်အိမ်ကြီးနှင့် ပတ်သက်သည့် အိပ်မက်မှာ တမျိုးတစားတည်း ဖြစ်နေသည်မှာ ထူးဆန်းနေ၏။ အိမ်ကြီးက ကျွန်တော် မရောက်ဖူးသည့် မြို့တွင် ရောက်နေသည်။ တိုက်တွေ တန်းစီနေသည့် လမ်းပေါ်တွင် ကျွန်တော် လျှောက်သွားနေသည်။ သည်အိမ်ကြီးကို ကျွန်တော် အကြိမ်ကြိမ် မြင်ဖူးခဲ့သော်လည်း နံဘေးအိမ်များကို ကျွန်တော် မမြင်ဖူး။ အိမ်ကြီးရှေ့မှ လမ်းမှာ ဘာနေ့ဖ်လမ်း မဟုတ်။ မြို့ကလည်း နိုင်ငံခြားတိုင်းပြည်တပြည်က ကျွန်တော် မရောက်ဖူးသည့် မြို့။ ရောမလိုလို၊ ဘန်းမြို့လိုလို၊ သည်အိမ်ရှေ့ရောက်လျှင် သိဟောင်း ကျွမ်းဟောင်း တယောက်နှင့် ထူးဆန်းသည့် တနေရာတွင် ပြန်တွေ့ရသလို ကျွန်တော် ဝမ်းသာသည်။ ကျွန်တော် လမ်းလျှောက်နေသည်။ အိမ်ကြီးကို ကျော်သွားပြီးမှ ပြန်ကွေ့သည်။ အိမ်ကြီးထဲဝင်ပြီး အပေါ် တက်ကြည့်ချင်စိတ် ပေါ်လာသည်၊ အခန်းတခန်း၏ ဘုသော့ကို လှည့်ဖွင့်သည်။

အိပ်မက်သည် လွင့်ပြယ်မသွားဘဲ အသေးစိတ်တွေအထိ ကျွန်တော်

mgyoe.com

mgyoe.com


မှတ်မိနေသည်၊ တခါတွင် ကျွန်တော် ကားမောင်းသွားနေစဉ် အိမ်ကြီးက ကျွန်တော့် ညာဘက် ရောက်နေသည်။ စိတ်ရှုပ်သွားသည်။ ဒီလိုအိမ်ကြီးမျိုး ဘာလို့ တောပိုင်းမှာ ရောက်နေတာပါလိမ့်။ နေပါဦး။ ဘာစိတ်ရှုပ်စရာ ရှိလဲ။ ဒီအိမ်ကြီးကို မြင်နေကျပဲ။ ခုမှ တွေ့ဖူးတာ မဟုတ်ပါဘူး။ ကျွန်တော် ကားကို ပြန်လှည့် မောင်းလာခဲ့သည်။

အိပ်မက်ထဲတွင် လမ်းပေါ်မှာ ကား အမြတမ်း ရှင်းနေသည်ချည်း။ ကျွန်တော် ချိုးကွေ့လိုက်ပုံက ကြမ်းသည်။ လမ်းနှင့် တာယာပွတ်တိုက်သံတွေ ကျွီခနဲမြည်ပြီး တအားမောင်း ပြန်လာခဲ့ခြင်း ဖြစ်သည်။ နောက်ကျသွားမှာ အရမ်း စိုးရိမ်နေသလို ကျွန်တော် မိုင်ကုန်တင်ပြီး မောင်းနေသည်၊ လမ်းဘေးဝဲယာတွင် လယ်ကွင်းတွေ၊ နွားစားမြက်တွေ၊ ဂျုံခင်းတွေ၊ စပျစ်ခင်းတွေက တမျှော်တခေါ်။ စပျစ်ခင်းတွေက ဘုရားကျောင်းပိုင် စိုက်ခင်းများ ဖြစ်သည်၊ ကွင်းပြင်အားလုံး ညီညီညာညာ ပြန့်ပြန့်ပြူးပြူး၊ အချို့နေရာများတွင်တော့ မသိမသာကလေး အနိမ့်အမြင့် ကမူ ချောချောကလေးများ ရှိ၏။ သစ်ပင်တပင်မျှ မရှိ၊ ကောင်းကင်တွင် တိမ်ကင်းစင်ကာ နေခြည်ဖြာနေသည်၊ လမ်းတလျှောက်မှာ လေတဖြူးဖြူးနှင့် လင်းလက်တောက်ပနေသည်။

အိမ်ကြီး၏ ပတ်ပတ်လည်တွင် မီးဖြတ်လမ်းအဖြစ် တောရှင်းထားသဖြင့် ထိုအိမ်ကြီးမှာ ပို၍ အထီးကျန်ဆန်နေလေသည်။ ပို၍ လူသူ ကင်းမဲ့သလို ဖြစ်နေသည်။ ဘာနေ့ဖ်လမ်းက အိမ်ကြီးလို မှုန်မှုန်မှိုင်းမှိုင်းပင်။ ပြတင်းပေါက်တွေက ပို၍ ဖုန်ထူတက်နေသည်။ အတွင်းဘက်သို့ လုံးဝ မမြင်နိုင်။

ကားရပ်ပြီး အိမ်ကြီးဆီသို့ ကျွန်တော် လျှောက်လာခဲ့သည်၊ လုံးဝ တိတ်ဆိတ်ကာ လူရိပ်လူယောင် အလျှင်းမမြင်ရ၊ ဘာသံမျှလည်း မကြားရ၊ လေတိုးသံပင် မကြားရ၊ ငှက်ကလေးတွေ တေးဆိုသံ မကြားရ၊ ကမ္ဘာကြီးတခုလုံး သေဆုံးနေသည့်နှယ်။ လှေကားထစ်တွေကို နင်းတက်သွားပြီး အခန်းတံခါးဘုသော့ကို ကျွန်တော် လှည့်လိုက်သည်။

သို့သော် တံခါးရွက်ကို ဆွဲပြီး မဖွင့်သေး။ ဤတွင် ကျွန်တော် နိုးလာခြင်း ဖြစ်သည်။ တံခါးဘုသော့ကို လက်က ကိုင်လျက်။

သည်တော့မှ မကြာပြီးသား အိပ်မက်မှန်း ကျွန်တော် ပြန်သတိရလာသည်။


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၃)

သူ့နာမည်ကို ကျွန်တော် မသိ။ တံခါးဝတွင် ပန်းစည်းကို ကိုင်လျက် လူခေါ် ခေါင်းလောင်းခလုတ်ကို မနှိပ်ဘဲ ငိုင်နေသည်။ ပြန်လှည့်မည့်ဆဲဆဲတွင် လူတယောက် ကျွန်တော့်ဆီ လျှောက်လာပြီး ဘယ်သူ့အခန်းကို ရှာနေတာလဲဟု မေးသည်။ ကျွန်တော်က အမျိုးသမီး၏ ပုံပန်းသဏ္ဌာန် ပြောပြတော့မှ ဖရော်ရှမစ် တတိယထပ်တွင် နေကြောင်း ပြောသည်။

တရံရောအခါက ခမ်းနားခဲ့ပုံ ရပါ၏။ သို့သော် သည်နေ့ တိုက်ကြီးမှာ ဥပစာပိုင်းမှ လွဲ၍ လှပခမ်းနားခြင်း အလျှင်း မရှိတော့ပေ။ ပန်းရန်ကျော်တို့၏ လက်ရာများ ပျက်စီးနေပြီး ဥပစာစင်္ကြံများတွင် ကော်ဇော မရှိ။ သုတ်ထားသမျှ ဆေးရောင်တွေ ပြောင်တလင်းခါနေပြီ။ နံရံအချို့နေရာများတွင် လေးပေလောက်အထိ အစိမ်းရောင် ဖယောင်းပုဆိုး ကပ်ထားသည်။ သို့သော် စုတ်ပြတ်နေပြီး ကာဘော်လစ် ဆပ်ပြာနံ့ ပျံ့နေ၏။ သည်လို အသေးစိတ် အချက်ကလေးများကို နောင်တွင်မှ ကျွန်တော် သတိထားမိလာခြင်း ဖြစ်နိုင်ပါသည်။ တိုက်ကြီးမှာ စုတ်ပြတ်နေသော်လည်း သန့်ရှင်းသည်။ ကာဘော်လစ်ဆပ်ပြာနံ့နှင့်အတူ ညှော်နံ့ရောလျက် ပျံ့လွှင့်နေသည်။ အဝတ်တွေ ပြုတ်လျှော်သည့် ခဝါနံ့လည်း ပါ၏။

သည်အနံ့များမှ လွဲ၍ သည်အိမ်ကြီးအကြောင်း ကျွန်တော် မသိ။ သည်

mgyoe.com

mgyoe.com

SAMPLE BOOK


အိမ်မှာ နေသည့် လူတွေ အကြောင်းလည်း မသိ။ တံခါးဝတိုင်းတွင် ချထားသည့် ခြေသုတ်ဖုံတွေ၊ တံခါးရွက်ပေါ်မှ နာမည်ဆိုင်းဘုတ်တွေကိုလည်း မမှတ်မိတော့။

ဖရော်ရှမစ်နှင့် စတွေ့ပုံကိုလည်း ကျွန်တော် သတိမရတော့ပေ။ နေမကောင်းဖြစ်နေသည့် ကျွန်တော့်အား အကူအညီပေးသည့်အတွက် ကျေးဇူးတင်ကြောင်း စကားတခွန်း နှစ်ခွန်းတော့ ပြောဖြစ်သည် ထင်၏။ မီးဖိုဆောင်ဆီ ခေါ်သွားသည်ကိုတော့ မှတ်မိနေ၏။ မီးဖိုခန်းက အကျယ်ဆုံး ဖြစ်သည်။ လက်ဆေးကန် ပါသည်။ ရေနွေးဘွိုင်လာနှင့် ရေချိုးကန်ပါသည်။ မီးဖိုခန်းတွင် စားပွဲတလုံးနှင့် ကုလားထိုင်နှစ်လုံး ပါသည်။ ကြောင်အိမ်တလုံး ပါသည်။ ဧည့်ခန်းကတော့ ခပ်ကျဉ်းကျဉ်း ဖြစ်သည်။ ဆက်တီတစုံ၊ မီးလင်းဖိုတခု။ လမ်းဘက်ကို မျက်နှာမူထားသည့် ပြတင်းပေါက်တပေါက်ရှိသည်။ မီးရထားဘူတာရုံကို လှမ်းမြင်နိုင်သည်။ တိုက်ရှေ့လှေကားမှ လှေခါးဝိုင်းသံကို အမြဲတမ်း ကြားနေရသည်။ သစ်သားနံ့ကိုလည်း ကျွန်တော် မှတ်မိနေသည်။ ခုတော့ မြင်ကွင်းအားလုံး ပြောင်းနေပြီ။

အခန်းကျယ်ကြီးတွင် ဧည့်ခန်းခပ်သေးသေး တခန်းလည်း ပါသည်။ ဗီရိုတလုံး၊ ကုလားထိုင် လေးလုံးနှင့် လက်တန်းကုလားထိုင် တလုံး ပါသည်။ မီးလင်းဖို ရှိသော်လည်း မီးမွှေးသည့် လက္ခဏာ မတွေ့ရ။ ပြတင်းပေါက်က လမ်းဘက်ကို မျက်နှာမူထားသည်။ ဘူတာရုံဘက်ကို လှမ်းမြင်ရသည်။ ဟိုတုန်းက မီးရထားဘူတာရုံ နေရာတွင် တရားရုံးနှင့် အုပ်ချုပ်ရေးရုံး ဆောက်ဖို့ လောလောလတ်လတ် အုတ်မြစ်ချထားသည်။ အိမ်သာက ခပ်ကျဉ်းကျဉ်း၊ ပြတင်းပေါက်မရှိ၍ အနံ့အသက် မကောင်း။ တံခါးဖွင့်လိုက်လျှင် အိမ်သာနံ့က အိမ်ရှေ့အထိ ပျံ့ထွက်လာသည်။

မီးဖိုခန်းထဲတွင် ကျွန်တော်တို့ ဘာတွေ ပြောကြသည်ကို မမှတ်မိ။ ဖရော်ရှမစ်က စားပွဲပေါ်တွင် သိုးမွေးစောင်တထည် ခင်းပြီး မီးပူတိုက်နေသည်။ ခြင်းတောင်းထဲမှ အဝတ်တွေကို တထည်ပြီး တထည် ယူတိုက်နေ၏။ တိုက်ပြီးသွားသည့် အဝတ်ခေါက်တွေကို ကုလားထိုင် တလုံးပေါ်တွင် စီတင်သည်။ ကျွန်တော်က အခြားကုလားထိုင်တွင် ဝင်ထိုင်သည်။ အတွင်းခံတွေကို တိုက်သည့်အခါ ကျွန်တော် မျက်နှာလွှဲထားသည်။ သို့သော် မကြည့်ဘဲလည်း မနေနိုင်။

သူက အပြာရောင်တွင် အနီဖျော့ဖျော့ ပန်းပွင့်ကလေးများနှင့် ရှင်မီးအင်္ကျီကို ဝတ်ထားသည်။ ပခုံးပေါ်တွင် ဝဲကျနေသည့် ဆံပင်တွေက ရွှေရောင်

mgyoe.com

mgyoe.com SAMPLE BOOK

ဖျော့ဖျော့၊ ကုပ်ပေါ်တွင် ကလစ်တခုနှင့် စုဖမ်းထားသည်။ လက်မောင်းသားတွေက ဖြူဖွေးပြီး အိနေသည်။ အဝတ်ခေါက်ပုံ၊ မီးပူတိုက်ပုံက ဖြည်းဖြည်းမှန်မှန်၊ ခါးကို ကုန်းလိုက်၊ ဆန့်လိုက်ဖြင့် လေ့ကျင့်ခန်း လုပ်နေသည့်နှယ်။ သည်တုန်းက သူ့မျက်နှာနှင့် နောက်ပိုင်းတွေ့ရသည့် မျက်နှာနှစ်ခုသည် ကျွန်တော့် အသိအာရုံတွင် ဝေဝါးနေပြီ။ မနည်း ပြန်ပုံဖော်ကြည့်ရသည်။ မျက်လုံးက အပြာနုရောင်၊ နဖူးကျယ်ကျယ်၊ နှုတ်ခမ်းအစုံက မပြုံးမရယ်။ အလွန်အားရှိသည့် မျက်နှာမျိုး ဖြစ်သည်။ မိန်းမချောတယောက် ဖြစ်ပါသည်။ ခုတော့ သူ့အလှကို ပြန်ရှာကြည့်သည်။ ဘယ်မှာမျှ မတွေ့တော့ပြီ။

❐

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၄)

"ဟေး... ကောင်လေး ခဏနေဦး၊ တို့လဲ ထွက်မှာ၊ အတူတူသွားမယ်လေ"

ကျွန်တော် ထပြန်မည် လုပ်တော့ အမျိုးသမီးက လှမ်းပြောလိုက်ခြင်းဖြစ်သည်။ သူ အဝတ်လဲနေတုန်း ကျွန်တော် အပြင်ခန်းထဲမှာ စောင့်နေရသည်။ မီးဖိုခန်းတံခါးက ခပ်ဟဟ ပွင့်နေသည်။ သူက ရှင်မီးအင်္ကျီကို ချွတ်ချလိုက်သည်။ အစိမ်းရောင် အတွင်းခံ ကိုယ်ကျပ်အင်္ကျီကလေးနှင့် မတ်တတ်ရပ်လျက်။ ကုလားထိုင်နောက်တန်းတွင် ခြေအိတ်ရှည်တစုံ တင်ထားသည်။ တဖက်ကို လှမ်းယူပြီး လိပ်သည်။ ခြေတဖက်ကို ကုလားထိုင်ပေါ် တင်ပြီး ခါးကိုင်း၍ ခြေအိတ် စွပ်သည်။ ခြေဖျားမှ စ၍ စွပ်ကာ တဖြည်းဖြည်း ဆွဲတင်သည်။ ဒူးဆစ် ရောက်တော့ တွန့်နေသည့် နေရာများကို လက်တဖက်နှင့် ပွတ်သပ်ပြီး ပြေအောင်လုပ်သည်။ ပြီးမှ ပေါင်တံဆီသို့ ပြီးတော့ ပေါင်ရင်းဆီအရောက် ဆွဲလျက် သိုင်းကြိုးဖြင့် ချိတ်သည်။ ပြီးတော့ ခါးဆန့်သည်။

ကျွန်တော့်မျက်စိ သူ့ဆီမှ ခွာလို့ မရတော့။ သူ့ လည်တိုင်နှင့် ပခုံးသားကို ကျွန်တော် ငေးကြည့်နေမိသည်။ အတွင်းခံ ပါးပါးကလေးက သူ့တင်နှင့် ရင်သားအလှကို ကာဆီးထားနိုင်စွမ်း မရှိသလို ဖြစ်နေ၏။ သူ့ပေါင်တံအလှနှင့် ခြေသလုံးသားအလှမှာလည်း ခြေအိတ်ပါးပါးကလေး အောက်တွင် ဝင်းညက်နေသည်။ နောက်ခြေအိတ်တဖက်ကို လှမ်းယူစဉ် ကျွန်တော် စောင့်ကြည့်နေမှန်း သူ သိသွားသည်။ တံခါးပေါက်ဆီသို့ လှည့်ပြီး ကျွန်တော့်ကို စိုက်ကြည့်နေသည်။ သူ့အကြည့်ကို

mgyoe.com

m g w o e . c o m  SAMPLE BOOK 

ကျွန်တော် အဓိပ္ပာယ် မကောက်တတ်။ အံ့ဩခြင်းလား၊ သံသယလား၊ ကျွန်တော့် ရင်ထဲကို ထိုးဖောက် စူးစမ်းနေတာလား၊ ရှက်သွေးဖြာ နေတာလား ကျွန်တော် မပြောတတ်။ ကျွန်တော့် မျက်နှာတခုလုံး ထူပူ ရှိန်းဖိန်းနေပြီ။ ဘယ်လိုမှ မခံနိုင်တော့။ အခန်းထဲမှ ချာခနဲ လှည့်ထွက်ပြီး ဝုန်းဒိုင်းကြ ပြေးဆင်းလာခဲ့သည်။

လမ်းပေါ် ရောက်လာလို့ ရောက်မှန်း မသိ။ ဘာနေ့ဇ်လမ်း၊ ဟော့ဆာလမ်းနှင့် ဘလူမင်လမ်းတို့မှာ ကျွန်တော် ကျောင်းသွားသည့် လမ်းများ ဖြစ်သည်။ နှစ်ပေါင်းများစွာ လျှောက်ခဲ့ပြီးဖြစ်၍ ကျွန်တော့်ခြေရာတွေ ထပ်နေလောက်ပြီ။ အိမ်တိုင်း၊ ပန်းခြံတိုင်း၊ ခြံစည်းရိုးတိုင်း ကျွန်တော် အလွတ်ရနေပြီ။ တနှစ်တခါ မှန်မှန်ဆေးသုတ်သည့် အိမ်၊ မသုတ်နိုင်၍ အရောင်မှိန်နေသည့် အိမ်။ ကလေးဘဝကတည်းက ပြေးရင်းလွှားရင်း တုတ်နှင့် ရိုက်သွားသည့် သံတိုင်ခြံစည်းရိုး၊ အုတ်နံရံအမြင့်ကြီးတွေကို တွယ်တက်ပြီး ချောင်းကြည့်ချင်သည့် စိတ်မျိုးလည်း ငယ်ငယ်က ပေါ်ခဲ့ဖူးသည်။ ထိတ်လန့်အံ့သြစရာတွေ တွေ့ရမည် ထင်ခဲ့၏။ တကယ် တက်ကြည့်နိုင်သည့်အခါ ဝင်းခြံထဲမှ စိုက်ခင်းတွေ၊ ပန်းခင်းတွေကိုသာ တွေ့ရသည်။ ပိုင်ရှင်မဲ့နေသလို ရော်ဝါ ခြောက်သွေ့နေသည်။

သည်လမ်းများ အကြောင်းလည်း ကျွန်တော် ကောင်းကောင်းသိသည်။ ဘယ်တုန်းက ကျောက်လမ်းမှ ကတ္တရာလမ်း ဖြစ်သွားသည်။ လူသွားလမ်းကို ဘယ်လို ကျောက်အမျိုးအစားနှင့် ခင်းထားသည်ကအစ ကျွန်တော် သိသည်။

ငယ်ငယ်ကတည်းက ကျွမ်းခဲ့သည့် လမ်းတွေ လျှောက်နေရင်း ကျွန်တော့် ရင်ခုန်သံတွေ မတရားမြန်နေရာမှ ပုံမှန်သို့ ပြန်ရောက်သွားသည်။ မျက်နှာပေါ်မှ အပူရှိန်လည်း ကျသွားပြီ။ ပြန်တွေးကြည့်တော့ အပြင်ခန်းနှင့် မီးဖိုဆောင်မှာ အဝေးကြီးလို ဖြစ်နေသည်။ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်လို့မဆုံး ဖြစ်နေ၏။ ကိုယ့်ဘာသာ ထိန်းနိုင်ရမည်ပေါ့။ ကိုးနှစ်သားကလေးမှ မဟုတ်တော့၊ ဆယ့်ငါးနှစ် ပြည့်ပြီပဲ။ ထိန်းနိုင်ရမည်ပေါ့။

နောက်တခု ကျွန်တော် တွေးလို့ မရတာ ရှိသေးသည်။ အပြင်ခန်းမှ အတွင်းသို့ လှမ်းကြည့်သည့်အခါ လုံးဝ မမျှော်လင့်သည့် အဖြစ်နှင့် ကြုံတော့ ဘာကြောင့် ကျွန်တော် မျက်နှာလွှဲမပစ်နိုင်တာလဲ။ သူ့ခန္ဓာကိုယ် အလှကြောင့်လား။ သူ့ကိုယ်နေဟန်မှာ ဆွဲအားပြင်းလွန်းသည်တော့ အမှန်။ အချိုးအစား ပြေပြစ်သလို ကျန်းမာသန်စွမ်းသည့် ခန္ဓာကိုယ်။ သည်လို မလုံ့တလုံနှင့် ကောင်မလေးတွေ ရေကူးကန်တွင် ကျွန်တော် တွေ့နေကျ။ သူနှင့် လုံးဝ မတူ။ သူ့အလှက တည်ငြိမ်သည့် အလှမျိုး ဖြစ်သည်၊ ခွန်အားကြီးသည့် အလှမျိုး ဖြစ်သည်၊ ကျွန်တော်

m g w o e . c o m

mgyoe.com

SAMPLE BOOK


တွေးပြီး စိတ်ကူးယဉ်ခဲ့ဖူးသည့် ကောင်မလေးတွေက မြီးကောင်ပေါက် အရွယ်တွေ။ သူက သုံးဆယ်ကျော်လောက် ရှိပြီ။ ကျွန်တော် သိပ်မသေချာ။ ကျွန်တော့် အရွယ်က အသက်ကို ခန့်မှန်းနိုင်သည့် အရွယ် မဟုတ်သေး။

နှစ်ပေါင်းများစွာ ကြာမှ ထိုနေ့အကြောင်း သဘောပေါက်တော့သည်။ သူ့ဆီမှာ ကျွန်တော့်မျက်လုံးတွေ မခွာနိုင်ခြင်းမှာ သူ့အလှကြောင့် မဟုတ်။ သူ့ကိုယ်နေဟန်နှင့် လှုပ်ရှားမှုကြောင့် ဖြစ်သည်။ ကျွန်တော့် မိန်းကလေးသူငယ်ချင်းများကို သူ့ပုံစံအတိုင်း ခြေအိတ် စွပ်ခိုင်းကြည့်သည်။ ဘာကြောင့် သည်လို ခိုင်းသည်ကို ကျွန်တော် မပြောရဲ။ မီးဖိုခန်းနှင့် အပြင်ခန်းအကြောင်း ကျွန်တော် ပြန်မပြောချင်။ သည်တော့ သူတို့က ကျွန်တော့်ကို ရာဂစိတ် နိုးကြွအောင် လုပ်ခြင်း ဖြစ်သည်ဟု ထင်ကြသည်။

သို့သော် ထိုစဉ်က ကျွန်တော် မျက်နှာလွှဲ၍ မရခြင်းမှာ သူတို့ထင်သလို မဟုတ်ဟု ထင်ပါသည်။ သို့သော် ကျွန်တော် ဘာမှန်း မသိပါ။

သူက ကျွန်တော့်ကို မြူဆွယ်နေခြင်း မဟုတ်တာ သေချာပါသည်။ ကျီစယ်နေခြင်းလည်း မဟုတ်ပါ။ ကျွန်တော် မှတ်မိသလောက် ဖရော်ရှမစ်က သည်လို မိန်းမမျိုး မဟုတ်ပါ။ ကျွန်တော်နှင့် ချစ်သူဘဝ ရောက်သွားသည့်တိုင် သူ့လှုပ်ရှားဆက်ဆံပုံများမှာ ချစ်ရေးချစ်ရာတွင် ကျွမ်းကျင်သည့် လက္ခဏာမျိုး မတွေ့ရပါ။ ရံခါတွင် အသားမကျ ဖြစ်နေသည်များပင် ရှိခဲ့ဖူးပါသည်။ ထုံထုံထိုင်းထိုင်း ပုံစံမျိုးလည်း မဟုတ်။ သို့သော် စိတ်နှင့်ကိုယ် မကပ်သလို ဖြစ်သည့်အခါ ဖြစ်သည်။ အခါခပ်သိမ်းတော့ မဟုတ်။ ခြေအိတ်စွပ်နေစဉ်က ကျွန်တော့်ကို စိတ်မှတ်မဲ့စွာ လှမ်းကြည့်ပုံမျိုး။ သည်လိုအခါမျိုးမှာပင် သူ့လှုပ်ရှားမှုတွေ နှေးကွေးနေသော်လည်း ဆွဲဆောင်မှုအပြည့် ရှိနေတတ်သည်။ ကျက်သရေ ရှိနေတတ်သည်။ ကမ္ဘာ့အပြင် ရောက်နေသလိုပင်။

ထိုစဉ်က သည်လို သရုပ်ခွဲမကြည့်တတ်ခဲ့ပါ။ ခုမှ ကျွန်တော်စဉ်းစားမိလာခြင်းဖြစ်ပါသည်။ သည်အကြောင်းတွေ ပြန်တွေးလျှင် ခုအချိန်ထိ ကျွန်တော် ရင်ခုန်နေဆဲ ဖြစ်ပါ၏။ ဟိုတုန်းက နားမလည်ခဲ့သည့် ပဟေဠိကို အဖြေသိဖို့ နဖူးတွေ့ ဒူးတွေ့ ကြုံခဲ့ဆုံခဲ့ရသည့် အဆန်းတကြယ် ဖြစ်ကြောင်းရယ် ကုန်စင်ကို မြင်အောင် ပြန်ရှုရပါသည်။ ထိုအခါ အသေးစိတ်တွေကို ပြန်မြင်လာသည်။ သည်တော့မှ ထိုစဉ်က ဘာကြောင့် အလှတပါးထံတွင် စက္ခုအာရုံ စွဲထင်ခဲ့ရကြောင်း သဘောပေါက်လာသည်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၅)

နောက်တပတ်အကြာတွင် သူ့အခန်းဝသို့ ကျွန်တော် ပြန်ရောက်သွားသည်။

သူ့အကြောင်း မစဉ်းစားဖို့ ကျွန်တော် တပတ်လုံး ကြိုးစားနေခဲ့သည်။ သို့သော် စဉ်းစားစရာဟူ၍ သည်အကြောင်းမှ လွဲပြီး ကျွန်တော့်တွင် ဘာမျှ မရှိ။ အာရုံစူးစိုက်စရာ ဘာမျှ မရှိ။ ဆရာဝန်က ကျွန်တော့်ကို ကျောင်းပြန်တက်ခွင့် မပေးသေး။ တချိန်လုံး အိပ်ရာထဲတွင် စာအုပ်တွေကို အဖော်လုပ်နေခဲ့ရသည်။ သူငယ်ချင်းတွေ လာလည်ကြပါသည်။ အဖော်လုပ်ပေးကြပါသည်။ သို့သော် သူတို့နှင့် ကျွန်တော်သည် အမြင်နီးသော်လည်း ခရီးဝေးခဲ့ကြပြီ။ အပြင်ထွက်ပြီး ဖြည်းဖြည်းချင်း လမ်းလျှောက်ကြည့်သည်။ ဝေးဝေးတော့ မသွားနိုင်ပေ။

ငယ်ဘဝတွင် နာမကျန်းဖြစ်ရခြင်းသည် ကြည်နူးစရာတော့ ကောင်း၏။ အနားယူခွင့် ရခြင်းပင်။ နာလန်ထချိန် အပြင်ထွက်နိုင်သည့်အခါ ကမ္ဘာကြီးသည် အသစ်ဖြစ်နေသည်။ အိမ်ရှေ့ကွက်လပ်သည် လည်းကောင်း၊ ပန်းခြံသည် လည်းကောင်း ပို၍ ကျယ်ပြန့်၊ ပို၍ လွတ်လပ်နေသည် ထင်၏။ လူနာခန်းမှ ညည်းသံသည် ဟိုအဝေးတွင် ကျန်ခဲ့လေပြီ၊ ရင်ထဲတွင် ဖတ်ထားသမျှ ဇာတ်လမ်းတွေနှင့် ပြည့်ကျပ်နေသည်။ ယင်းတို့အထဲမှ ဇာတ်ကောင်တွေနှင့် ရင်းနှီးခင်မင်နေပြီ၊ နာမကျန်းဖြစ်နေစဉ် အသိအာရုံတွေ ထုံထိုင်းနေသော်လည်း အတွေးအမြင်

mgyoe.com

mgyoe.com
SAMPLE BOOK


ထက်မြက်လာသည်။ လူမမာအခန်းကို ပုံသဏ္ဍာန်အသစ်အဆန်းဖြစ်အောင် ကြည့်မြင်တတ်လာသည်။ အဖျားတက်နေစဉ်တွင် အရာဝတ္ထုတိုင်း ပုံပြောင်းနေတတ်သည်။

ခန်းဆီးပေါ်မှ ပန်းခက် ပန်းနွယ်တို့သည် တစ္ဆေ သရဲတွေ ရယ်ပွဲဖွဲ့နေပုံမျိုး ဖြစ်ချင် ဖြစ်နေသည်။ ကော်ဇောပေါ်မှ ကနုတ်ဒီဇိုင်းများသည် နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်တွေ ဖြစ်နေတတ်သည်။ ပရိဘောဂများသည် နဂိုပုံ ပျောက်ကာ အဆောက်အအုံတွေ၊ တောင်တန်းတွေ ဖြစ်ချင် ဖြစ်နေတတ်သည်။ ဟိုးအဝေးမှ သင်္ဘောကြီးများသည် လက်တကမ်းသို့ ရောက်လာသည့် အခါမျိုးလည်း ရှိ၏။

အိပ်၍ မပျော်သော ညဥ့်သံသရာသည် ရှည်လျားလှချေသည်။ ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းသံကိုသာ အဖော်ပြုရတော့သည်။ ရံခါတွင် လမ်းပေါ် ဖြတ်မောင်းသွားသော ကားသံများ ကြားရသည်။ ကားရှေ့မီးရောင်တွင် နံရံတွေ၊ အိမ်ခေါင်မိုးတွေ တရိပ်ရိပ် ဝဲကျန်ခဲ့သည်။ အိပ်မပျော်သော အချိန်များသည် အနှစ်မဲ့ အဟောသိကံ ကာလများတော့ မဟုတ်။ အဓိပ္ပာယ်ရှိသည်။ တန်ဖိုးရှိသည်။

ပြန်လည်တွေးတောစရာတွေ၊ သတိရစရာတွေ၊ ထိတ်လန့်ကြောက်ရွံ့စရာတွေ၊ ငုပ်နေသည့် ရမ္မက်ဆန္ဒတွေနှင့် ပြည့်နှက်နေတတ်သည်။ သည်ရေယဉ်ကြောတွင် စီးမျှောလိုက်ပါနေရသည်။ ဘဝအဓိပ္ပာယ်ကို မြုပ်ချည်ပေါ်ချည်နှင့် ရှာဖွေနေရခြင်းပင်၊ ထိုအချိန်တွင် အကောင်းဘက်သို့ ရောက်သွားနိုင်သလို အဆိုးဘက်သို့ ချိုးကွေ့သွားနိုင်လေသည်။

ဤသို့ဖြင့် ကျွန်တော်တယောက် နာလန်ပြန်ထလာသည်။ သို့သော် နာမကျန်းကာလမှာ ရှည်လျားသဖြင့် ကျွန်တော့်အခန်းမှာ လူနာဆောင်အဖြစ် ဆက်လက် တည်ရှိနေသည်။

မနက်မိုးလင်းလို့ နိုးလာလျှင် အပြစ်ကျူးလွန်ထားသူ တယောက်လို ကိုယ့်ကိုယ်ကိုယ် ထင်နေတတ်သည်။ ရံခါတွင် ကျွန်တော့် ညဝတ်ဘောင်းဘီတွင် စိုစွတ်ကာ အစွန်းအထင်းတွေ ပေနေတတ်သည်။ မက်သည့် အိပ်မက်တွေက ပြန်ပြောလို့ မကောင်းသည့် အိပ်မက်မျိုးတွေ။ ကျွန်တော့်အမေသည် လည်းကောင်း၊ ကျွန်တော်၏ ဓမ္မမင်္ဂလာဆရာသည် လည်းကောင်း ကျွန်တော့်အား အပြစ်မြင်ကြမည် မဟုတ်ပါ။ ကလေးဘဝကတည်းက ကျွန်တော့် လျှို့ဝှက်ချက်တွေကို ချေးခါးအူမမကျန် သိနေသော ကျွန်တော့်အစ်မကလည်း ဘာမျှ ပြောမည် မထင်ပါ။ သို့သော်

mgyoe.com

mgyoe.com SAMPLE BOOK

မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ် ဆိုသလို မေတ္တာစေတနာဖြင့် သွန်သင်ကြပါလိမ့်မည်။ ဤသည်မှာ ဆူပူကြိမ်းမောင်းခံရခြင်းထက် ပို၍ အခံရခက်ပါလိမ့်မည်။ ကျွန်တော့်အဖြစ်မှာ အပြစ်ကင်းစင်သည်တော့ မဟုတ်။ သို့သော် သည်လို အိပ်မက်တွေက အကြောင်းမဲ့ မြင်မက်ခြင်း မဟုတ်တန်ရာ၊ ကျွန်တော် စိတ်ကူးယဉ်လွန်းသဖြင့် အိပ်မက်ထဲတွင် အရိပ်ထင်လာခြင်း ဖြစ်ပါလိမ့်မည်။

ဖရော်ရှမစ်ဆီကို ပြန်သွားဖို့ ဘယ်က ဘယ်က သတ္တိတွေ ဝင်လာမှန်း ကျွန်တော် မသိ။ ဆရာ၊ မိဘတို့ ဆုံးမခဲ့သည့် ကျွန်တော်၏ လောကနီတိတွေ ဘယ်ရောက်ကုန်ပြီလဲ။ တစုံတယောက်ကို တပ်မက်စိတ်ဖြင့် ကြည့်လျှင် မိကောင်းဖခင်သားသမီး မပီသနိုင်ပါ။ ရာဂစိတ်ကို ဖြေပျောက်သလောက် အပြစ် ရှိပါသည်။ ရက်တွေ ညောင်းလာသည်။ စိတ်ရိုင်းတွေကို ကျွန်တော် မတားဆီးနိုင်ကြောင်း သိလာပြီ။ စင်စစ် ကျွန်တော်ကိုယ်တိုင်က တားဆီးလိုခြင်း မရှိတာပါ။

ကျွန်တော် တဖက်က ပြန်ကြည့်သည်။ သူ့ဆီ ပြန်သွားလျှင် အန္တရာယ် ရှိနိုင်သည်။ သို့သော် သည်အန္တရာယ်ကို ကျွန်တော် မမှုချင်တော့။ သူက ကျွန်တော့်ကို တအံ့တသြ ကြိုချင်ကြိုမည်။ ကျွန်တော်၏ ထူးထူးဆန်းဆန်း အပြုအမူနှင့် တောင်းပန်တိုးလျှိုးသံကို နားထောင်ချင် နားထောင်လိမ့်မည်။ ပြီးတော့ တရင်းတနှီး လေသံဖြင့် ဂွတ်ဘိုင်ဟု နှုတ်ဆက်ချင် နှုတ်ဆက်လိမ့်မည်။

မသွားလျှင် ပိုအန္တရာယ် များလေမလား ဟုလည်း ကျွန်တော် တွေးကြည့်သည်။ ကျွန်တော့်အတွေးနှင့် ကျွန်တော် ပိတ်မိနေပြီး အန္တရာယ်ကြိုးတန်းပေါ် လျှောက်နေခြင်း ဖြစ်သည်။

နောက်ဆုံးတွင် ကျွန်တော် အမှန်အတိုင်း ဆုံးဖြတ်နိုင်ခဲ့သည်။ သွားဖြစ်အောင် သွားမည်။ သူက သာမန်ပင် လက်ခံတွေ့ဆုံလျှင် ကျွန်တော်ကလည်း သာမန်ပေါ့။ နောက်ဆုံး ရိုးရိုးမိတ်ဆွေတွေ ဖြစ်သွားလိမ့်မည်။

ဤသို့ဖြင့် ကျွန်တော့်စိတ်ရိုင်းတွေကို ချွန်းအုပ်နိုင်ခဲ့သည်။ သို့သော် သည်လို ထိန်းနိုင်လို့ သူ့ဆီသွားဖို့ ကျွန်တော့်တွင် သတ္တိတွေ ဝင်လာခြင်း မဟုတ်ပေ။ ကျွန်တော့်ကိုယ် ကျွန်တော် ပြန်မေးကြည့်သည်။ အမေရယ်၊ ကျွန်တော် ချစ်ကြည် လေးစားသည့် ကျွန်တော့် ဓမ္မဆရာရယ်၊ ကျွန်တော့် အစ်မရယ်က သေသေချာချာ စဉ်းစားလျှင် သွားဖို့ တားကြမည် မထင်။ သွားဖို့ပင် တိုက်တွန်းကြလိမ့်ဦးမည်။ စင်စစ် သွားဖြစ်ခဲ့ခြင်းကို ပြန်စဉ်းစားလျှင် အဓိပ္ပာယ်တမျိုး

mgyoe.com

mgyoe.com  SAMPLE BOOK 

ဖြစ်သွားပြန်သည်။ ဘာကြောင့် သူ့ဆီ ပြန်သွားခဲ့ခြင်းလည်း ကျွန်တော် မသိခဲ့။ ခု ပြန်စဉ်းစားတော့မှ အဖြေပေါ်ခြင်း ဖြစ်သည်။ ကျွန်တော့်ဘဝ တလျှောက်လုံးတွင် အတွေးနှင့် အလုပ်သည် တပြိုင်တည်း ရောက်သည့်အခါ ရောက်လာသည်။ ရောက်ချင်မှလည်း ရောက်လာသည်။

ကျွန်တော် ပြန်စဉ်းစားသည်။ တစုံတရာကို နိဂုံးချုပ်မိပြီဆိုလျှင် နိဂုံး အတိုင်း ဆုံးဖြတ်သည်။ သို့သော် ဆုံးဖြတ်ချက်အတိုင်း လုပ်ဖြစ်၊ မလုပ်ဖြစ်မှာ လုံးဝ တကဏ္ဍ ဖြစ်သည်။ လုပ်ဖြစ်သွားသည့်အခါ ရှိသလို မလုပ်ဖြစ်သည့် အခါ တွေ ရှိသည်။ ရံခါတွင် ဆုံးဖြတ်ချက် မရှိဘဲ လုပ်ဖြစ်သွားတာမျိုးလည်း ဘဝတွင် အကြိမ်ကြိမ်။

ဥပမာ- ဆေးလိပ်ဖြတ်ဖို့ အကြိမ်ကြိမ် ဆုံးဖြတ်ခဲ့သည်။ ဘယ်တော့မျှ မပြတ်ခဲ့။ အတွေးနှင့် ဆုံးဖြတ်ချက်သည် တစုံတယောက်အပေါ်တွင် လွှမ်းမိုးမှု မရှိဟု ကျွန်တော် မဆိုလိုပါ။ သို့သော် လူ့စရိုက်ဟူသည် ဆုံးဖြတ်ချက်အတိုင်း အတိအကျ လိုက်နာချင်မှ လိုက်နာပါလိမ့်မည်။ သူ့ဗီဇနဲ့ သူ ဖြစ်လာတတ်သည်။ ကျွန်တော်သည် တွေးချင်သလို တွေးပြီး ဆုံးဖြတ်ချင်သလို လွတ်လွတ်လပ်လပ် ဆုံးဖြတ်ခဲ့သူ ဖြစ်ပါသည်။

□

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၆)

ကျွန်တော် ရောက်သွားတော့ သူ ပြန်မရောက်သေး။ မြေညီထပ်အဝင် တံခါးကြီးက ခပ်ဟဟပွင့်နေသည်။ ထို့ကြောင့် အပေါ်ထပ်သို့ ကျွန်တော် တက်သွားသည်။ သူ့အခန်းဝ ရောက်တော့ ခေါင်းလောင်းခလုတ် နှိပ်ကြည့်လိုက်သည်။ အသာစောင့်ကြည့်သည်။ နောက်တခါ ထပ်နှိပ်သည်။

အတွင်းဘက်ကို ကြည့်လိုက်တော့ အခန်းတံခါးတွေ ဖွင့်ထားသည်။ တံခါးမကြီးမှန်ချပ်မှ အတွင်းဘက်သို့ အတိုင်းသား မြင်နေရသည်။ မှန်တင်ခုံကိုရော ပရိဘောဂတွေကိုပါ လှမ်းမြင်နေရခြင်း ဖြစ်၏။ နာရီသံ ချက်ချက်မြည်နေသည်။

အသာပြန်လှည့်ပြီး အပေါ်ဆုံးလှေကားထစ်တွင် ထိုင်စောင့်နေလိုက်သည်။ စိတ်ထဲ မတင်မကျကြီး ဖြစ်နေ၏။ တခုကို လုပ်ဖို့ ဆုံးဖြတ်ပြီးမှ ဘာတွေများ ဖြစ်လာမှာလဲ ဟူသည့် သံသယအတွေးများ ဝင်လာတတ်သည် မဟုတ်လား။ နောက်မှ ပေါက်တဲ့နဖူး မထူးပြီ ဆိုပြီး ဆက်စောင့်နေလိုက်သည်။ စိတ်ထဲ နည်းနည်းပေါ့သွား၏။ လုံးဝ စိတ်မထွေပြားတော့၊ သူ လာတဲ့အထိ စောင့်မည်။

အခန်းထဲမှ နာရီထိုးသံ ကြားရသည်။ လေးနာရီခွဲပြီ။ တချက်ချက်မြည်နေသည့် စက်သံကို ကျွန်တော် လိုက်မှတ်နေသည်။ ငါးနာရီ ထိုးသွားပြီ။

တိုက်ရှေ့ လွှစက်မှ လွှတိုင်းသံက တကျည်ကျည်၊ အခန်းတခန်းမှ ဖွင့်နေသည့် သီချင်းသံက အဆောက်အအုံထဲတွင် ပဲ့တင်လျက်။

mgyoe.com

mgyoe.com


မြေညီထပ် ဝင်ပေါက်တံခါးမကြီး ပွင့်သွားသံ ကြားရသည်။ တပြိုင်တည်း ပြန်ပိတ်သံကို ကြားလိုက်ရ၏။ ပြီးတော့ လှေကားကို ဖြည်းဖြည်းမှန်မှန် လှမ်းတက်လာသည့် ခြေသံကို ကြားနေရသည်။ ဘယ်သူများပါလိမ့်။ ဒုတိယထပ်မှာ နေတဲ့ လူတယောက် ဖြစ်လိမ့်မည်။ သူ လှမ်းမြင်လို့ ဘာလုပ်နေတာလဲ မေးရင် ဒုက္ခ။ သို့သော် ခြေသံက ဒုတိယထပ်တွင် မရပ်။ တတိယထပ်သို့ ဆက်တက်လာသည်။ ကျွန်တော် မတ်တတ်ထရပ်လိုက်မိသည်။

ဟုတ်ပါသည်။ ဖရော်ရှမစ်ပါပဲ။ လက်တဖက်တွင် မီးသွေးပုံးကို ဆွဲလာသည်။ ယူနီဖောင်းအပြည့်အစုံ ဝတ်ထား၏။ လက်စသတ်တော့ သူက ဓာတ်ရထား လက်မှတ်ရောင်းကိုး။ ကျွန်တော့်ကို မြင်တော့ အံ့သြသည့် အမူအရာလည်း မပြ။ စိတ်အနှောင့်အယှက် ဖြစ်သွားပုံလည်း မရ။ လှောင်ပြောင်သရော်လိုဟန်လည်း မရှိ။ ကျွန်တော် တွေးကြောက်နေသည့် အမူအရာ တစုံတရာမှ မတွေ့ရ။

ပင်ပန်းလာပုံရသည်။ မီးသွေးပုံးကို ချကာ အိတ်ထဲ လက်နှိုက်ပြီး သော့ရှာသည်။ အကြွေစေ့တွေ ကြမ်းပြင်ပေါ် ထွက်ကျကုန်သည်။ ကျွန်တော်က ကုန်းကောက်ပြီး သူ့လက်ထဲ ပြန်ထည့်ပေးသည်။

“လှေကားရင်းက စတိုခန်းမှာ မီးသွေးနှစ်ပုံး ယူရဦးမယ်၊ မင်း သွားသယ်ပေးပါလား၊ အခန်းတံခါး ဖွင့်ထားတယ်”

ကျွန်တော် အပြေးဆင်းချလာခဲ့သည်။ မီးသွေးစတိုခန်းတံခါး ပွင့်လျက်သား၊ မီးဖွင့်လျက်သား တွေ့ရသည်။ မီးသွေးပုံက အမြင့်ကြီး။ အိမ်မှာ ကျွန်တော် မီးသွေးသယ်ပေးဖူးပါသည်။ သို့သော် ကျွန်တော်တို့ အိမ်အောက်ထပ် မီးသွေးဂိုဒေါင်မှ မီးသွေးပုံက ဒါလောက် မမြင့်ပါ။ ဘာမှားသွားမှန်း မသိ။ ဂေါ်ပြားနှင့် ကော်ပြီး ကျုံးသည့်အခါ မီးသွေးပုံကြီး ဝေါခနဲ ပြိုကျလာပါတော့သည်။ တခန်းလုံး မီးသွေးမှုန့်တွေနှင့် မှောင်သွားသည်။ ကျွန်တော့် တကိုယ်လုံးလည်း မည်းတူးသွားလေပြီ။

မီးသွေးနှစ်ပုံး ဆွဲပြီး အပေါ်ထပ်သို့ ပြန်တက်လာခဲ့သည်။ အမျိုးသမီးက ဂျာကင်အင်္ကျီကို ချွတ်ပြီး လည်စည်းကို ဖြုတ်၍ မီးဖိုခန်းစားပွဲတွင် နို့တခွက်နှင့် ထိုင်နေသည်။ ကျွန်တော့်ကို မြင်တော့ ပါးစပ်ပိတ်ပြီး ရယ်ချင်စိတ်ကို ထိန်းထားပုံ။ ခဏနေတော့မှ ခွက်ထိုးခွက်လန် ရယ်ချလိုက်ရင်း မှန်ရှိရာသို့ လက်ညှိုးထိုးပြီး ပြောသည်။

“ကောင်လေး၊ မင်းမျက်နှာ သွားကြည့်စမ်း”

mgyoe.com

mgyoe.com SAMPLE BOOK

လက်ဆေးကန်ပေါ်မှ မှန်ထဲတွင် ကျွန်တော့်ပုံကို ကြည့်ပြီး ကျွန်တော်ပါ လိုက်ရယ်မိသည်။ မျက်နှာတပြင်လုံး မည်းသည်းနေ၏။

“ဒီအတိုင်း အိမ်ပြန်လို့ ဘယ်ဖြစ်မလဲ။ ရေချိုးဖို့ လုပ်ပေးမယ်။ ပြီးတော့ အဝတ်တွေကို ခါပေးမယ်”

ပြောပြီး ရေချိုးခန်းထဲ ဝင်၍ ကန်ထဲသို့ ရေဖွင့်ချပေးသည်။ တပြိုင်တည်းတွင် ရေနွေးပိုက်ခေါင်းကိုပါ ဖွင့်ပေးသည်။ ခဏနေတော့ ရေကန်ထဲတွင် ရေတွေ တဖြည်းဖြည်း မြင့်တက်လာသည်။

“အဝတ်တွေ ချွတ်လိုက်၊ ဖြည်းဖြည်းချွတ်၊ မီးသွေးမှုန့်တွေ မကျစေနဲ့”

ကျွန်တော် ခဏကြောင်နေသည်။ ပြီးမှ ဆွယ်တာကို အရင်ချွတ်လိုက်သည်။ ပြီးတော့ ဘာဆက်လုပ်ရမှန်း မသိဘဲ တွေရပ်နေမိပြန်သည်။ ကန်ထဲတွင် ရေပြည့်လုနေပြီ။

“ဘာလဲ... ဖိနပ်မချွတ်ဘဲ၊ ဘောင်းဘီမချွတ်ဘဲ ရေချိုးမလို့လား”

အားလုံးချွတ်ပြီး ရေပိုက်ခေါင်းကို ပိတ်လိုက်သည်။ ဟင်... သူက ရပ်ကြည့်နေဆဲပါလား။ ကျွန်တော် ရေချိုးကန်ထဲ ခုန်ဆင်းလိုက်သည်။ ကျွန်တော့် တကိုယ်လုံး ထူပူ ရှိန်းဖိန်းသွားသည်။ တကိုယ်လုံး မြုပ်အောင် ရေထဲ နှစ်ထားလိုက်သည်။ ရေအောက်မှ ခေါင်းဖော်ပြီး ကြည့်လိုက်တော့ သူက ဝရန်တာဆီသို့ ကျွန်တော့် အဝတ်တွေ ပိုက်ပြီး ထွက်သွားသည်ကို တွေ့လိုက်ရ၏။ ပြီးတော့ အဝတ်တွေနှင့် ဖိနပ်နှစ်ဖက်ကို ဖုန်ခါနေသံ ကြားရသည်။

အောက်ထပ်က တယောက်ယောက်ကို တစုံတခု လှမ်းပြောသည်။ အောက်ထပ်ကလည်း ပြန်အော်ပြောသည်။ သဲသဲကွဲကွဲတော့ မကြားရပါ။ သူ ရယ်နေသည်။ မီးဖိုဆောင်ထဲသို့ ဖိနပ်နှင့် အဝတ်တွေ ပြန်ယူလာပြီး ကုလားထိုင်ပေါ်တွင် တင်သည်။ ကျွန်တော့်ကို တချက် လှမ်းကြည့်ပြီး ပြောသည်။

“ရှမ်ပူနဲ့ ခေါင်းလျှော်လိုက်၊ မျက်နှာသုတ်ပဝါ သွားယူပေးမယ်”

ရေချိုးကန်ထဲမှ ရေတွေ မည်းညစ်သွားသည်။ ရေညစ်တွေ ထုတ်ပြီး ရေ ထပ်ဖွင့်ချသည်။ ပြီးတော့ ရေထဲတွင် တကိုယ်လုံး နှစ်ပြီး ရေနွေးဘွိုင်လာအိုးမှ ထွက်နေသည့် အသံကို နားစွင့်နေလိုက်သည်။ ပွင့်နေသည့် မီးဖိုခန်းတံခါးရွက်မှ ဝင်လာသည့် လေကြောင့် ကျွန်တော့်မျက်နှာ အေးခနဲဖြစ်သွားသည်။ ရေထဲနှစ်ထားသည့် တကိုယ်လုံးကမူ နွေးနေ၏။ မှိန်ယူနေမိသည်။ ထိုစဉ် ကျွန်တော့်စိတ်တွေ တမျိုးတဖုံ ဖြစ်လာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူ ပြန်ရောက်လာတော့ ကျွန်တော် မော့မကြည့်ရဲ။ သူက ရေချိုးကန်နံဘေးတွင် ရပ်နေသည်။ ရောမမျက်နှာသုတ်ပဝါကြီးကို ကမ်းပေးရင်း ပြောသည်။

"လာ"

သူ့ကို ကျောပေးပြီး ရေချိုးကန်ထဲတွင် ထရပ်လိုက်သည်။ ပြီးမှ ဘောင်ကို ကျော်ဆင်းလိုက်သည်။ သူက နောက်ဘက်မှ ရပ်ပြီး ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး ရေသုတ်ပေးနေသည်။ ပြီးသည်နှင့် မျက်နှာသုတ်ပဝါကြီးကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်၏။ ကျွန်တော် လုံးဝမလှုပ်ရဲတော့။ နောက်ဘက်မှ ကျွန်တော့်ကို သိုင်းဖက်လာသည်။ ကျွန်တော့်ကျောပြင်သည် အိခနဲ နွေးသွားသည်။ ဟင်... သူလည်း ကျွန်တော့် အတိုင်းပါပဲလား။ ကျွန်တော် အဖျားတက်ချင်သလို ကတုန်ကယင် ဖြစ်သွားသည်။

"မင်း ဒါကြောင့် ပြန်လာတာ မဟုတ်လား"

"ကျွန်တော်... ကျွန်တော်..."

ကျွန်တော် ဘာမျှ ဆက်မပြောတတ်တော့ပါ။ ဟုတ်တယ် ဟုလည်း မပြော၊ မဟုတ်ပါဘူး ဟူ၍လည်း မငြင်း။ ကျွန်တော် လှည့်လိုက်သည်။ လူချင်းကပ်နေသဖြင့် ဘာမျှ သဲသဲကွဲကွဲ မမြင်ရ။

"သိပ်လှတာပဲ"

ကျွန်တော့်အသံကို ကျွန်တော် ပြန်ကြားလိုက်သည်။

"ကဲ... လာပါ ကောင်လေးရယ်၊ ဘာတွေ လျှောက်ပြောနေတာလဲ"

သူက ရယ်ပြီး ကျွန်တော့် လည်ပင်းကို သိုင်းဖက်လာသည်။ ကျွန်တော်ကလည်း ပြန်သိုင်းဖက်လိုက်၏။

ကျွန်တော် ကြောက်နေသည်။ ကျွန်တော့်ကို သူ သဘောမကျမှာ စိုးရိမ်နေခြင်း ဖြစ်၏။ သို့သော် တဒင်္ဂမျှသာ။ သူ့ကိုယ်နံ့ သင်းပျံ့ပျံ့နှင့် သူ့ကိုယ်ငွေ့ပူနွေးနွေးကြောင့် ကျွန်တော် ကြောက်စိတ်တွေ လွင့်ပြယ်သွားလေသည်။ တယောက်ကိုတယောက် အပြန်အလှန် ယုယကြသည်။ တအားဖက်ကြသည်။

ကျွန်တော့်ကိုယ် ကျွန်တော် သတိမထားမိဘဲ ဝမ်းသာအားရ အော်လိုက်တော့ သူက ကျွန်တော့်ပါးစပ်ကို လက်ဝါးနှင့် လှမ်းပိတ်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၇)

နောက်တညတွင် မမကို ကျွန်တော် ချစ်သွားခြင်း ဖြစ်ပါသည်။ အရမ်း အောက်မေ့နေသည်။ အိပ်လို့လည်း မပျော်တော့။ ပျော်သည့် အခိုက်တွင်လည်း သူ့ကိုပဲ အိပ်မက် မက်နေတော့သည်။ စိတ်ထဲတွင် တကယ် ဖက်အိပ်နေသည် ထင်၏။ နိုးလာမှ အဖြစ်မှန်ကို သိ၏။ ကျွန်တော် ဖက်ထားသည်က ခေါင်းအုံးတွေ၊ စောင်တွေ။ နှစ်ယောက်သား ကဲထားကြသဖြင့် တကိုယ်လုံး နာကျင် ကိုက်ခဲနေသည်။ ချစ်ခဲ့သည့် အကြောင်းတွေ ပြန်တွေးလိုက်လျှင် တကိုယ်လုံး ပူနွေးလာသည်။ သူ့ဆီပဲ သွားချင်နေသည်။ သူ့အနားက မခွာချင်တော့။

အချစ်ကြူးခဲ့လို့ သူ့ကို ကျွန်တော် ချစ်သွားတာလား၊ ဘယ်တုန်းကမျှ မပျော်ခဲ့ဖူးသည့် ပျော်ရွှင်မှုမျိုးဖြင့် ကျွန်တော် ပျော်နေသည်။ မမကို တကယ် ချစ်နေမိပြီ ဖြစ်ကြောင်း တကမ္ဘာလုံးကို ကျွန်တော် ကြေညာချင်နေသည်။

ငယ်ငယ်တုန်းက ဆောင်းတညကို ကောင်းကောင်း မှတ်မိနေ၏။ အဲဒီတုန်းက ကျွန်တော် လေးနှစ်သားအရွယ်။ ကျွန်တော့်အခန်းတွင် အနွေးဓာတ်မရှိ။ မိုးလင်းလင်းချင်း မီးဖိုခန်းဆီသို့ ကျွန်တော် ထပြေးတတ်သည်။ ကျွန်တော် အိပ်သည့် အခန်းထဲတွင် အအေးဓာတ်က ထွေးဖက် မလုံနိုင်အောင် ချမ်းလှသည်။ မီးဖိုထဲ ရောက်လျှင် ချက်ချင်း နွေးသွားသည်။ ရောမ သံကြွပ်မီးဖိုကြီးကို ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK

မှတ်မိနေသည်။ အိုးတည်သည့် သံပြားဝိုင်းတွေကို ချိတ်နှင့် ချိတ်ပြီး မ,လိုက်လျှင် မီးဖိုကြီး၏ ဝမ်းဗိုက်ထဲမှ တဟုန်းဟုန်း တောက်နေသည့် မီးလျှံများကို မြင်ရသည်။ အမေက ကျွန်တော့်ကို ကုလားထိုင်တလုံးပေါ်တွင် မတ်တတ်ရပ်ခိုင်းပြီး မီးလှုံစေသည်။ ပြီးတော့ မျက်နှာသစ်ပေးသည်။ အဝတ်လဲပေးသည်။ သည်နေရာ၏ ချစ်စရာ နွေးထွေးမှုကို ကျွန်တော် အမြဲ သတိရနေသည်။ သည်နေရာတွင် မျက်နှာသစ်ရသည့် အရသာ၊ အဝတ်လဲရသည့် အရသာမှာ ကျွန်တော့်အတွက် တသက် မမေ့နိုင်စရာ ဖြစ်ခဲ့ပါသည်။ အမေက ဘာကြောင့် ကျွန်တော့်ကို သည်ရွှေ့သည်မျှ အလိုလိုက်ခဲ့တာပါလိမ့်။ နေမကောင်းလို့များလား။ ကျွန်တော် ပြန်တွေးကြည့်သည်။ အစ်ကိုတွေ၊ အစ်မတွေ သည်လို အခွင့်အရေးမျိုး ရကြရဲ့လား မသိ။ ကျန်သည့် အချိန်ပိုင်းကတော့ မနက်စောစောလောက် ပျော်စရာ မကောင်းတော့ပေ။

ထိုနေ့ အတွေ့အကြုံကြောင့် မိုးမမြင် လေမမြင် ပျော်လို့သာ ပျော်နေခဲ့သည်၊ သူ့နာမည်ကိုတောင် ကျွန်တော် မသိသေး။ နောက်နေ့ ကျွန်တော် ကျောင်းသို့ ရောက်သွားသည်။ စိတ်ထဲတွင် ကိုယ့်ကိုယ်ကိုယ် လူရာဝင်ပြီဟု ထင်နေသည်။ ရင်ကော့ပြီး ကြွားချင်နေသည်။ သည်အကြောင်းကိုတော့ ဘယ်သူ့မျှ ကျွန်တော် ပြန်ပြောလိမ့်မည် မဟုတ်ပါ။ စိတ်ထဲမှာတော့ အများတကာထက် ငါက သာတယ်ဟု ထင်နေသည်။ အပေါင်းအသင်းများနှင့် ဆရာတွေအား ကျွန်တော်၏ ယောက်ျားအားမာန်ကို ကြွားချင်နေသည်။

ဓာတ်ရထား လက်မှတ်ရောင်း ဖြစ်သည့်အတွက် ညဆိုင်း၊ ညနေဆိုင်း အလုပ်ဆင်းရသည့် ရက်တွေ ရှိလိမ့်မည်။ သည်အကြောင်း သူ့ကို ကျွန်တော် မေးမကြည့်ရသေး။ နေ့တိုင်း တွေ့ရအောင် ဘယ်လို ကြံရပါ့မလဲ။ ကျွန်တော့်တွင် နာလန်ထ ဘဝအတွက် ရ,ထားသည့် လမ်းလျှောက်ချိန်မှလွဲပြီး အပြင်ထွက်ခွင့် မရှိဘူးလေ။

သူနှင့် တွေ့ပြီး ပြန်လာတော့ အိမ်သားတွေ ညနေစာ စားနေကြပြီ။

"သား၊ မင်း နောက်ကျလှချေလား၊ မေမေက စိတ်တွေပူလို့"

အဖေက စိတ်ပူတာထက် စိတ်အနှောင့်အယှက် ပိုဖြစ်နေပုံဖြင့် ဆီးပြောသည်။

"ကျွန်တော် လမ်းမှားနေလို့" ဟု ဆင်ခြေပေးလိုက်သည်။

mgyoe.com

m g y o e . c o m SAMPLE BOOK


"သမိုင်းထဲက အောက်မေ့ဖွယ်ပန်းခြံကို ဖြတ်ပြီး မိုလ်ကင်ကာဘက်ကို လျှောက်တာ၊ မျက်စိလည်ပြီး နုစလေ့ဘက် ရောက်သွားတယ်။ ပိုက်ဆံ ပါမသွားတာနဲ့ နုစလေ့ကနေ လမ်းလျှောက်ပြန်ခဲ့ရတယ် ဖေဖေ"

"ခာတ်ရထား ခိုးစီးခဲ့ ပြီးရော"

ကျွန်တော့်ညီမက ဝင်ပြောခြင်း ဖြစ်သည်။ သူက တခါတလေ လက်မှတ်မဝယ်ဘဲ ခိုးစီးတတ်သည်။ အဖေနှင့် အမေက လုံးဝ သဘောမကျ။

အစ်ကိုလုပ်သူကတော့ မကျေမနပ်နှင့် ဝင်ထောက်သည်။

"မိုလ်ကင်ကာနဲ့ နုစလေ့က တောင်ဖျားနဲ့ မြောက်ဖျားပဲ"

အစ်မလုပ်သူကလည်း ကျွန်တော့်ကို မျက်စောင်းထိုးနေသည်။

"မနက်ဖြန် ကျွန်တော် ကျောင်းပြန်တက်တော့မယ်"

အစ်ကိုက ဝင်ပြောပြန်သည်။

"အေး… ပထဝီကို ဂရုစိုက်ပေါ့ကွာ၊ တောင်နှင့်မြောက်သည် ဆန့်ကျင်ဘက်အရပ် ဖြစ်သည်၊ နေထွက်သော ဘက်ကို မျက်နှာမူ၍ …"

အမေက ဖြတ်ပြောသည်။

"ဆရာဝန်က နောက်သုံးပတ်နေရဦးမယ် ပြောထားတယ်လေ"

"သချိုင်းကို ဖြတ်ပြီး နုစလေ့အထိ သူ လျှောက်နိုင်ရင် ကျောင်းကိုလဲ သွားနိုင်ရမှာပေါ့ မေမေ။ သူ့မှာ လိုနေတာက အား မဟုတ်ဘူး၊ ဦးနှောက်ဗျ"

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်က ရန်ဖြစ်နေကျ။ တယောက် နှင့် တယောက် ထိုးကြိတ်သတ်ပုတ်ပြီးလျှင် ဆက်ပြီး စကားစစ်ထိုးပွဲ လုပ်နေကျ။ စကားနိုင်လုလို့ အာညောင်းလာလျှင် ကျွန်တော်က ရပ်ပစ်လိုက်သည်။ နောက်ပိုင်းတွင် သူ ကျွန်တော့်ကို ပူညံ ပူညံ သိပ်မလုပ်တော့။

"အဖေကြီး၊ ဘယ်လို သဘောရလဲ"

အမေက အဖေ့ကို လှမ်းမေးသည်။ အဖေက ပန်းကန်ထဲကို ဓားနှင့် ခက်ရင်း ချလိုက်ပြီး လက်နှစ်ဖက်ကို ပေါင်ပေါ်တင်လိုက်သည်။ ဘာမျှ မပြောဘဲ ငိုင်နေသည်။ အမေက ကလေးတွေကိစ္စ၊ အိမ်ကိစ္စ ပြောတိုင်း အဖေ သည်လို အတွေးနက်နေတတ်သည်။ အမေ ပြောတာကို စဉ်းစားနေတာလား၊ သူ့အလုပ်အကြောင်း သူ တွေးနေတာလား ကျွန်တော် မဝေခွဲတတ်။ အမေ့ မေးခွန်းကို အလေးအနက်ထား စဉ်းစားသူ ဖြစ်သည်။ သူ့အလုပ်က စာဖတ်မည်၊ စဉ်းစားမည်၊ စာရေးမည်၊ ပြီးတော့ စာသင်မည်၊ ဒါပဲ ဖြစ်၏။

m g y o e . c o m

mgyoe.com

SAMPLE BOOK


တခါတလေ ကျွန်တော် စဉ်းစားမိသည်။ ကျွန်တော်တို့ မိသားစု အားလုံး သူ့အတွက် အိမ်မွေး တိရစ္ဆာန်ကလေးတွေလိုများ ဖြစ်နေမလားလို့။ ခွေးက အတူ လမ်းလျှောက်လို့ ရသည်။ ကြောင်ကလေးက ပေါင်ပေါ်တင်ထားလို့ ရသည်။ သူ့ကို ပွတ်သပ်ပေးလျှင် တညောင်ညောင်နှင့် ကျေနပ်နေလိမ့်မည်။ သူတို့ နေရတာ ပျော်စရာ ကောင်းနေလိမ့်မည်။ သူတို့သည် လူတို့အတွက် လိုအပ်သည့် အဖော်များ ဖြစ်လေသည်။ နောက်ဆုံး သူတို့အတွက် အစာဝယ်ပေးရတာကအစ ကြည်နူးစရာ ကောင်းနေလိမ့်မည်။ သူတို့အတွက် သန့်ရှင်းရေး လုပ်ပေးရမည်။ တိရစ္ဆာန် ဆရာဝန်ဆီ သွားရမည်။

အလားတူစွာပင် ကျွန်တော်တို့ မိသားစုသည် အဖေ့အတွက် ဘဝဖြစ်သည်။ ကျွန်တော်နှင့် မတည့်သည့် အစ်ကိုနှင့် အမြဲတမ်း ကဂျီကဂျောင်ကျတတ်သည့် ညီမလေးသည်ပင် သည်ညှ ကျွန်တော့်အတွက် ချစ်စရာ ကောင်းနေသည်။ မောင်နှမလေးယောက်တွင် အငယ်ဆုံးဖြစ်၍ ညီမလေးက နွဲ့ဆိုး ဆိုးတတ်သည်။

အစ်ကိုနှင့်ကျွန်တော်က တခန်းတည်းတွင် အတူ အိပ်ကြရသည်။ ကျွန်တော် နေမကောင်းဖြစ်လာတော့ သူက ဧည့်ခန်းဆိုဖာပေါ်တွင် သွားအိပ်ရသည်။ သည်တော့ ပိုပြီး ကျွန်တော့်ကို အပြစ်ရှာလာသည်။ အဖေကတော့ ကျွန်တော်တို့မောင်နှမတွေ ငယ်တုန်း သင့်သင့်မြတ်မြတ် ရှိစေချင်သည်။ ကြီးလာရင် အားလုံး ကိုယ့်လမ်းကိုယ်လျှောက်ဖို့ ထွက်ခွာသွားကြမှာ ဖြစ်လို့ ငယ်စဉ်တွင် ချစ်ချစ်ခင်ခင်နေဖို့ ပြောတတ်သည်။

ထိုညက ဖယောင်းတိုင်မီးရောင် ဖြာနေသည့် မိသားစု ညစာဝိုင်းသည် နှုတ်ဆက်ပွဲလို့ ကျွန်တော် ထင်လိုက်မိသည်။ နောင်ကို ဘယ်တော့မျှ သည်လို ပွင့်လင်းတဲ့ ထမင်းဝိုင်းမျိုး ဖြစ်တော့မှာ မဟုတ်ဘူးလို့ ဘာကြောင့်မှန်း မသိဘဲ ကျွန်တော် တွေးလိုက်မိသည်။ စိတ်ထဲမှာ မိသားစုနဲ့ တဖြည်းဖြည်း ဝေးသွားပြီဟု ခံစားလိုက်ရ၏။ အဖေနဲ့အမေကိုရော အစ်ကို၊ အစ်မနဲ့ ညီမလေးကိုပါ ကျွန်တော် ချစ်ပါသည်။ သို့သော် စိတ်က မမဆီကိုသာ ရောက်နေ၏။

အဖေက ကျွန်တော့်ကို စိုက်ကြည့်ပြီး ပြောသည်။

"ဘယ်လို ဘယ်လို၊ ကျောင်းပြန်တက်မယ် ဟုတ်စ၊ အဲဒီလို ပြောလိုက်သလားလို့"

"ဟုတ်ကဲ့"

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်က သူ့ကို တိုင်တည်ပြီး ပြောလိုက်မှန်း ခုမှ သတိရသွားပုံ ပေါ်သည်။ အမေ့ကို ပြောတာ မဟုတ်ဘူးလေ။ အဖေ ခေါင်းညိတ်သည်။

"ပြန်တက်ချင်လဲ တက်လေ၊ စမ်းကြည့်ပေါ့။ သိပ်ပင်ပန်းမယ် ထင်ရင် အိမ်မှာ ပြန်နားနေဦးပေါ့ "

ကျွန်တော် ပျော်သွားသည်။ တပြိုင်တည်းတွင် မိသားစုအားလုံးကို နောက်ဆုံး နှုတ်ဆက်စကား ဆိုနေသလို စိတ်ထဲ ထင်လိုက်သည်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၈)

နောက်ရက်များတွင် ကျွန်တော့်မမ မနက်ဆိုင်း တာဝန်ကျသည်။ မွန်းတည့်ချိန်တွင် အိမ်ပြန်ရောက်သည်။ နေ့တိုင်း ကျွန်တော် ကျောင်းလစ်သည်။ သူ့ထက် စောအောင် ကြိုရောက်ပြီး လှေကားထစ်တွင် ထိုင်စောင့်သည်။ အတူတူ ရေချိုးကြသည်။ ရေချိုးကန်ထဲတွင် နှစ်ယောက်သား ကဲကြသည်။ အချစ်ပွဲတွေ နွဲကြသည်။ တနာရီခွဲလျှင် အဝတ်တွေ ကမန်းကတန်း ကောက်ဝတ်ပြီး အခန်းထဲမှ ထွက်ပြေးရသည်။ တနာရီခွဲက အိမ်တွင် နေ့လယ်စာစားချိန် မဟုတ်လား။ တနင်္ဂနွေနေ့များတွင်တော့ ထမင်းစားချိန် ဆယ့်နှစ်နာရီ ဖြစ်သည်။ သူ့အလုပ်ချိန်ကလည်း တနာရီ စောသွားပြီး အိမ်ကို တနာရီ စောပြန်ရောက်သည်။

မမနှင့် ကျွန်တော် အမြဲတမ်း အတူတူ ရေချိုးကြသည်။ ပျော်ပုံသစ်ကြသည်။ သို့သော် ရေမချိုးရလျှင်လည်း အကြောင်းမဟုတ်ပါ။ မမသည် အမြဲတမ်း သန့်ရှင်းကြည်လင်နေသည့် မိန်းမသား ဖြစ်ပါသည်။ မယ့်ကိုယ်က မွှေးပျံ့နေသလားအောက်မေ့ရသည်။ အလုပ်ကအပြန် ချွေးကလေး စို့နေချိန်မှာပင် ရေမွှေးနံ့သင်းနေတတ်သည်။ တယောက်နှင့် တယောက် ဆပ်ပြာတိုက်ပေးရင်းလည်း ကျွန်တော်တို့ပျော်ကြသည်။ ရှက်လွန်းလို့ ကျွန်တော့်မျက်နှာတွေ နီမြန်းနေလျှင်လည်း ရှက်တတ်သည့် အကျင့်ပျောက်အောင် မမက သင်ပေးသည်။ သူ့လှုပ်ရှားမှုတွေက

mgyoe.com

mgyoe.com SAMPLE BOOK


သူ့ကိုယ်သူ ယုံကြည်မှုအပြည့်၊ ဆရာမတယောက်လို ကျွန်တော့်ကို ချစ်ကြောင်း ကုန်စင် အေမှ ဇကိအထိ သင်ပေးသည်။ သူ့တာဝန်ကို သူ ပုံမှန်အတိုင်း သင်ပြနေသည့် ဆရာမတယောက် အတိုင်းပင်။ အနမ်းသံသရာတွင် ချာချာလည်ရင်းလည်း နိသသရည်းတွေကို သင်ပေးသည်။ သင်ပေးနေသော်လည်း ရင်နှင့်အမျှ ပျော်ကြရသည်သာမက ရံခါတွင် အပျော်ဆုံးအချိန်၌ သူ ငိုချတတ်သည်။ ထိုအခါ ကျွန်တော် အထိတ်တလန့် ဖြစ်ရသည်။ ဘယ်လိုကြောင့်မှန်း ကျွန်တော် မသိ။

ရံခါ ကျွန်တော့် ရင်ခွင်ထဲတွင်ပင် သူ အိပ်ပျော်သွားတတ်သည်။ ကျွန်တော်က ငယ်သူမို့ မအိပ်ချင်။ လှစကက်မှ အသံဗလံတွေကို နားစွင့်နေရသည်။ အလုပ်သမားတွေ တယောက်နှင့် တယောက် အော်ဟစ်ပြောဆိုသံများ ကြားနေရ၏။ လှစကက်သံ ကြားထဲတွင် တယောက်နှင့် တယောက် ကြားအောင် အသံတင်၍ အော်ပြောနေကြခြင်း ဖြစ်သည်။ လှစကက်သံ ငြိမ်သွားလျှင် မီးဖိုခန်းထဲတွင် ပုံ့တင်ပြန်နေသည့် လမ်းပေါ်မှ ကားသံများကို ကြားရ၏။ ကလေးတွေ အော်ဟစ်ပြေးလွှားသံတွေ ပေါ်လာလျှင်တော့ ကျောင်းဆင်းချိန်ဟု သိလိုက်ပြီ။ ဒါဆို တနာရီကျော်ပြီ။ အခန်းနီးနားချင်းတွေ နေ့လယ်စာ စားဖို့ ပြန်ရောက်လာကြတော့မည်။ ဝရန်တာတွင် ငှက်စာပက်ကျွေးသူများ ရှိသည်၊ ခဏနေလျှင် ချိုးကူသံကလေးများ ကြားရတော့မည်။

တပတ်လောက် ကြာတော့မှ ကျွန်တော် မေးဖြစ်သည်။

"မမနာမည် ဘယ်လို ခေါ်လဲဟင်"

ကျွန်တော့်အပေါ်တွင် မှောက်လျက်သား သူ အိပ်ပျော်နေရာမှ နိုးလာချိန် ဖြစ်သည်။

သူက ကျွန်တော့်ကို ငုံ့ကြည့်ပြီး–

"ဘာပြောတယ်"

"မမနာမည် ဘယ်သူလဲလို့"

သူက မယုံသင်္ကာမျက်လုံးများဖြင့် ဆက်ကြည့်နေဆဲ။

"ဘာလုပ်ဖို့ သိချင်တာလဲ"

"မမနဲ့ ကျွန်တော်က... မမရဲ့ ရှေ့နာမည်ကို ခုထိ မသိသေးဘူးလေ။ မိသားစုနာမည်တော့ သိတာပေါ့။ မမက ဘာဖြစ်လို့..."

သည်တော့မှ သူ ရယ်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"ဘာမှ မဖြစ်ပါဘူး ကောင်လေးရယ်၊ မမနာမည် ဟန်နာပါ"

ပြောပြီး ဆက်ရယ်နေသည်။

"မမ ကျွန်တော့်ကို ကြည့်ပုံက တမျိုးကြီးပဲ"

"အိပ်ချင်မူးတူးနဲ့မို့ပါကွာ၊ မင်း နာမည်ကကော"

ကျွန်တော့်နာမည်ကို သူ သိမည် ထင်နေခဲ့သည်။ ကျောင်းစာအုပ်တွေကို မီးဖိုခန်းစားပွဲပေါ်တွင် ကျွန်တော် ပစ်တင်ထားနေကျပဲ။ စာအုပ်တွေပေါ်မှာ ကျွန်တော့်နာမည် ရေးထားတာပဲ။ သူ သတိမထားမိတာ ထင်ပါရဲ့လေဟု တွေးမိသည်။

"ကျွန်တော့်နာမည် မိုက်ကယ်ဘာ့ဂ်ပါ"

"မိုက်ကယ်၊ မိုက်ကယ်၊ မိုက်ကယ်"

သူက ဂါထာရွတ်သလို ရွတ်နေသည်။

"မမရဲ့ ကောင်လေးနာမည်က မိုက်ကယ်၊ သူက တက္ကသိုလ် ကျောင်းသား"

"အထက်တန်းကျောင်းသားပါ မမရယ်"

"သူက အထက်တန်းကျောင်းသား၊ အသက်က ဆယ့်ခုနစ်နှစ်"

ကျွန်တော့် အသက်ကို မမက နှစ်နှစ်ဆောင်းပြီး ခန့်မှန်းတော့ ကျွန်တော် ပျော်သွားသည်။ ကျေနပ်သွားသည်။ ကျွန်တော် ခေါင်းညိတ်လိုက်၏။

"သူက ဆယ့်ခုနစ်နှစ်၊ သူ ကြီးလာရင် သူက နိုင်ငံကျော်..."

သူ စကားမဆက်ဘဲ တွေနေသည်။

"ကျွန်တော့်ကိုယ် ကျွန်တော် ဘာဖြစ်ချင်မှန်း သိပ်မသေချာသေးပါဘူးဗျာ"

"ဒါပေမဲ့ မင်း စာအရမ်းကြိုးစားတာပဲ"

"ဒါလောက်လဲ မဟုတ်ပါဘူး"

ကျွန်တော့်စိတ်ထဲမှာ ကျောင်းစာထက် မမက ပိုအရေးကြီးတဲ့ အကြောင်း ထုတ်ပြောလိုက်မိသည်။ ခုထက် အတူနေချိန် ပိုရချင်သည့် အကြောင်းလည်း ပြောလိုက်သည်။

"ဒီနှစ် ကျွန်တော် ဒီအတန်း အောင်မယ် မထင်ဘူး၊ ပြန်ဖြေရမယ် ထင်တာပဲ"

"ဘယ်အတန်းလဲ"

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော်တို့နှစ်ယောက် ပထမဦးဆုံး စကားလက်ဆုံ ကျဖြစ်သည့် နေ့။

"ဆယ်တန်းလေ၊ နေမကောင်း ဖြစ်လိုက်တာနဲ့ ပြီးခဲ့တဲ့ တလလုံး ကျောင်းပျက်ခဲ့တယ်။ သူများတွေနဲ့အတူ မီအောင်လုပ်ရမယ် ဆိုရင် အသေအလဲ ကြိုးစားရမှာ။ ခုလဲ ကျွန်တော် စာသင်ခန်းထဲမှာ ရှိနေရမှာ မမဟန်နာ"

နေ့တိုင်း ကျောင်းလစ်နေသည့် အကြောင်း ကျွန်တော် ပြောပြလိုက်သည်။ ဤတွင် ကျွန်တော့်မမ ဒေါသူပုန်ထပါလေတော့သည်။ ကိုယ်ပေါ်မှ စောင်ကို ဆွဲပြီး လွှင့်ပစ်လိုက်သည်။

"ထွက်သွား၊ ခုချက်ချင်း ငါ့ခုတင်ပေါ်က ဆင်း၊ ကျောင်းစာကို မလုပ်ရင် မင်း ငါ့ဆီ နောက်မလာနဲ့။ မင်း သေကောင်ပေါင်းလဲ အပင်ပန်းခံရမှာ။ ဓာတ်ရထားလက်မှတ် ရောင်းရတဲ့ ဘ၀ကို မင်း နားလည်လား ကောင်လေး။ ဘယ်လောက်ပင်ပန်းတယ် မှတ်လဲ"

ပြောပြောဆိုဆို အိပ်ရာပေါ်မှ ခုန်ဆင်းသွားသည်။ အဝတ်လွှမ်းဖို့ပင် သတိမရ။ မီးဖိုခန်းအ၀တွင် ရပ်ပြီး လက်မှတ်ရောင်းရပုံကို ဒေါနှင့်မောနှင့် သရုပ်ပြနေပါလေတော့သည်။ လက်မှတ်ရောင်းသည့် အိတ်ကလေး ဆွဲယူပြီး လက်မှတ်တွေ ထုတ်သည်။ ပြီးတော့ ဖောက်စက်ကလေးနှင့် ဖောက်သည်။ ခရီးသည်ထံ ကမ်းပေးဟန်၊ ပိုက်ဆံလှမ်းယူဟန် လုပ်သည်။ အကြွေစေ့ကို အိတ်ထဲ ပြန်ထည့်ဟန် လုပ်သည်။

"လက်မှတ်မရတဲ့ ခရီးသည် ရှိပါသေးလား" ဟု မေးသေးသည်။ ပြီးမှ ကျွန်တော့်ဘက် လှည့်ပြီး-

"တွေ့လား ဘယ်လောက် အောက်တန်းကျတဲ့ အလုပ်လဲ"

ဘာပြောရမှန်း မသိသဖြင့် ခုတင်စွန်းတွင် ကျွန်တော် အငူသား ထိုင်နေသည်။

"ကျွန်တော် တောင်းပန်ပါတယ် မမဟန်နာ။ ကျွန်တော် ပြန်ကြိုးစားပါ့မယ်။ ရပါ့မလားတော့ မသိဘူး။ အချိန်က ခြောက်ပတ်ပဲ ကျန်တော့တယ်။ ကျွန်တော် ပြန်လုပ်ပါ့မယ်။ ဒါပေမဲ့ မမနဲ့ မတွေ့ရရင် ကျွန်တော် ကျောင်းမှန်မှန် တက်ဖြစ်မှာ မဟုတ်ဘူး"

ကျွန်တော် မမဟန်နာကို ချစ်နေပြီလို့ ပြောမည်ပြုပြီးမှ ရပ်ထားလိုက်သည်။ သူ ပြောတာ မှန်ပါလိမ့်မည်။ မှန်ပါလိမ့်မည် မဟုတ်ပါ။ မှန်ကို မှန်ပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


သို့သော် ကျွန်တော့်ကို အတင်းအကျပ်ခိုင်းဖို့ သူ့မှာ အခွင့်အရေး မရှိပါ။ ကျွန်တော့်ကို တွေ့ခွင့်ပိတ်ဖို့လည်း သူ မလုပ်နိုင်ပါ။

"ကျွန်တော် မမနဲ့ မတွေ့ရတော့ဘူးလား"

ဧည့်ခန်းတိုင်ကပ်နာရီမှ တနာရီခွဲသံ ထွက်လာသည်။

"ကဲ... သွားတော့"

ပြောပြီးမှ ချီတုံချတုံဖြစ်နေပုံဖြင့် ဆက်ပြောသည်။

"မနက်ဖြန်ကစပြီး နေ့လယ်ဆိုင်း ဖြစ်သွားပြီ။ ညနေငါးနာရီ အိမ်ပြန်ရောက်မယ်။ အဲဒီအချိန် လာ၊ ကျောင်းစာတွေ ပြီးမှနော်"

ကျွန်တော်တို့နှစ်ယောက် မျက်နှာချင်းဆိုင် ရပ်လိုက်ကြသည်၊ နှစ်ယောက်စလုံး အဝတ် ပြန်မဝတ်ရသေး။ သို့သော် သူက ယူနီဖောင်းဝတ်ထားသလို ခပ်တည်တည်၊ ဘယ်လို ဖြစ်သွားတာပါလိမ့်။ ကျွန်တော် လုံးဝ နားမလည်။ ဘာအဓိပ္ပာယ်ပါလိမ့်။ ကျွန်တော့်အတွက် သူ စဉ်းစားနေတာလား၊ ဒါမှမဟုတ် သူ့အတွက် သူ စဉ်းစားနေတာလား။ သူ့အလုပ် ပင်ပန်းကြောင်း ပြောတာ ကျွန်တော် စာကို ကြိုးစားချင်အောင်၊ အပင်ပန်းခံနိုင်အောင် ယှဉ်ပြောတာလား။ သူ့အလုပ်ကို သူ စိတ်ပျက်နေတာလား။ ဒါမှမဟုတ် ကျွန်တော့်ကို ချစ်လို့ ကျွန်တော် စာမေးပွဲကျမှာ စိုးရိမ်ကြီးနေတာလား။ ကျွန်တော်ကကော သူ့ကို ချစ်နေပြီလား။ မမဟာန်နာသည် ကျွန်တော့် ချစ်သူလား။ ချစ်သူ မဟုတ်လျှင် ဘာလဲ။

ကျွန်တော် အဝတ်တွေ ကောက်ဝတ်လိုက်သည်။ လေးတိလေးကန်ပုံစံဖြင့်။ သူ ဘာများပြောမလဲ ကျွန်တော် စောင့်သည်။ သို့သော် ဘာမျှမပြော။ မိမွေးတိုင်း ဖမွေးတိုင်း ပုံစံဖြင့် တွေရပ်နေသည်။ ကျွန်တော်က အနမ်းဖြင့် နှုတ်ဆက်တော့လည်း တုဏှိဘာဝေ လုပ်နေသည်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၉)

သည်အချိန်နှင့် သည်အကြောင်းတွေ ပြန်တွေးလျှင် ဘာကြောင့် ကျွန်တော် မျက်ရည်ဝဲမိတာပါလိမ့်။ အတိတ်၏ စိတ်ပျက်စရာအကောင်းဆုံး ကဏ္ဍကို လွမ်းမောမိတာလား။ တကယ်လည်း ကျွန်တော့်ဘဝတွင် မမေ့တဲ့နိုင် ကာလ ဖြစ်ပါ၏။ အရွယ်နှင့်မမျှအောင် ပျော်ခဲ့ရသည့် ကာလ ဖြစ်ပါ၏။ မမစကား နားထောင်ပြီး ကျောင်းအလုပ်တွေကိုလည်း ကြိုးကြိုးစားစား လုပ်ဖြစ်၍ ကျွန်တော် စာမေးပွဲ အောင်ခဲ့သည်။ တဖက်တွင်လည်း ချစ်သူမမနှင့် မိုးမမြင် လေမမြင် ပျော်ခဲ့သည်။ မိုးကိုလည်းမမြင်၊ လေကိုလည်း ရှိသည် မထင်၊ ပျော်ရွှင်မှု အထွတ်အထိပ်တွင် တသိမ့်သိမ့်ကြည်နူးနေခဲ့သည်။ ဘာလိုဦးမည်လဲ။ ဘာမျှ မလိုအောင် ပြည့်စုံနေပြီပဲ။ မကြာမတင် အချိန်အတွင်း ကျွန်တော်တို့၏ လျှို့ဝှက်ကမ္ဘာကလေး ပြိုကျပျက်စီးတော့မည်ကို ကြိုသိနေသည့်အလား ကျွန်တော်နှင့် မမ အချစ်သည်းခဲ့ကြသည်။

ဘာကြောင့်လဲ၊ ဘာကြောင့်ပါလဲ။ ဒါလောက် သိမ်မွေ့လှပတဲ့ ကျွန်တော်တို့ရဲ့ အချစ်ကျွန်းကလေး အရိပ်မည်းကြီးအောက်သို့ ရုတ်ခြည်းရောက်သွားပြီး ဘာကြောင့် မိစ္ဆာလေဆင်နှာမောင်းက မညှာမတာ ဖျက်ဆီးပစ်လိုက်တာလဲ။ ဖုံးကွယ်ထားသည့် အမှန်တရား ဘွားခနဲ ပေါ်လာပြီး လေနီကြမ်းအသွင် ပြောင်းသွားခြင်းလား။ ပျော်စရာအကောင်းဆုံး အိမ်ထောင်တခု၏ ဘဝကြင်ဖော် နှစ်ဦး

mgyoe.com

mgyoe.com

SAMPLE BOOK


တွင် အတိတ်က ချစ်သူရှိခဲ့ဖူးကြောင်း ပေါ်လာသဖြင့် ဘဝပျက်ခြင်းမျိုးနှင့် တူနေလေမည်လား။ သည်လို အဖြစ်မျိုးကတော့ ပျော်ရွှင်မှု ပြန်လည်တည်ဆောက်ဖို့ မလွယ်ကူပါ။

ကျွန်တော်တို့တွင် သည်လိုဖြစ်စရာ ဘာအကြောင်း ရှိလို့လဲ။ မပြေလည်စရာ ဘာအကြောင်းများ ရှိလို့လဲ။ ပျော်စရာ တသသအဖြစ်များသည် ငိုပွဲဆင်၍ ဇာတ်သိမ်းရမည် ဆိုလျှင် ရင်ကွဲနာကျဖို့သာ ရှိတော့သည်။ သိလျက်နှင့်ဖြစ်စေ၊ မြုပ်နေ၍ဖြစ်စေ ဘဝအထွေထွေသည် ပြစ်မျိုးမဲ့မထင် မဟုတ်ခဲ့လျှင် ဇာတ်သိမ်းမလှ ဖြစ်တတ်ကြသည်။ သို့သော် မသိစိတ်တွင် အမာရွတ်ထင်နေပြီး ယင်းတွင် ဝေဒနာ စွဲကပ်နေလျှင်ကော။

ငယ်စဉ်ကာလ ပျော်ခဲ့ရသည့် အချိန်ပိုင်းတွေကို ကျွန်တော် ပြန်တွေးကြည့်သည်။ ဆယ့်ငါးနှစ်သား ကျွန်တော့်ကိုယ် ကျွန်တော် ပြန်ကြည့်ခြင်းပင်။ အကောင်းဆုံးဝတ်စုံကို ကျွန်တော် ဝတ်သည်။ ချမ်းသာသည့် ဦးလေးတယောက်က ကျွန်တော့်ကို အမြဲတမ်း ဝတ်ကောင်းစားလှတွေ ပေးသည်။ ယခုတော့ သူကွယ်လွန်ရှာပြီ။ ဖိနပ်ဆိုလျှင်လည်း ပထမတန်းစားတွေချည်း။ နွားကလေးသားရေဖြင့် ချုပ်သည့် ဖိနပ်တွေ၊ ကြောင်သားရေဖြင့် ချုပ်သည့် ဖိနပ်တွေ အရန်ပေါင်းများစွာ၊ အရောင်အသွေးစုံ။

ကျွန်တော်က ကလန်ကလားနှင့် ခြေတံ လက်တံ ရှည်သည်။ အင်္ကျီတွေ၊ ဘောင်းဘီတွေ ခဏလေးနှင့် တိုသွားတတ်သည်။ သည်အတွက် အမေ မကြာမကြာ စိတ်ညစ်ရသည်။ ဆံပင်က ဘယ်လောက်ဖြီးဖြီး ပုံမကျ။ ထိုးထိုး ထောင်ထောင်။ အတန်းထဲတွင် တော်သည့် အထဲလည်း မပါ။ ညံ့သည့် အထဲလည်း မပါ။ ဆရာတွေက ကျွန်တော့်ကို သတိမထားမိကြ။ စာတော်သည့် ကျောင်းသားတွေကလည်း အဖက်မလုပ်။ ကျွန်တော့်ကိုယ် ကျွန်တော် တခုမျှ သဘောမကျ။ ဝတ်ပုံစားပုံလည်း အချိုးမကျ။ သွားပုံလာပုံလည်း ကလန်ကလား။

သို့သော် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့် ရှိသည်။ ကျွန်တော့်တွင် အားမာန်ရှိသည်။ လူတော်တယောက် ဖြစ်လာရမည်။ လူချောတယောက် ဖြစ်လာရမည်။ လူချစ်လူခင် ပေါရမည်။ အားလုံးအပေါ် လွှမ်းမိုးနိုင်ရမည်။ ပတ်ဝန်းကျင်သစ်၊ လူသစ်တွေ ကြားတွင် ဝင်ဆံ့နိုင်ရမည်။ လူရိုသေ ရှင်ရိုသေ ဖြစ်စေရမည်။

mgyoe.com

mgyoe.com SAMPLE BOOK

သို့သော် ထိုစဉ်ကမူ ကျွန်တော်သည် အားငယ်နေတတ်သည်။ အပျော်ဆုံး ကမ္ဘာလေး တစစီ ဖြစ်သွားလေသောအခါတွင် ပို၍ တိမ်းတိမ်းပွေပွေ ဖြစ်လာလေတော့သည်။

သူ့ကို ကျွန်တော် စတွေ့တွေ့ချင်း မမ ခေါ်သင့်သည်။ မမဟာန်နာသည် ကျွန်တော့်အား ဘယ်လို ကတိကဝတ်မျိုးမျှ ပေးမသွားခဲ့ပေ။ သူ့ဘဝအကြောင်း မေးတော့ ပြောပုံက ရှုပ်ပွနေသော သေတ္တာကို ရှင်းနေသည့်နှယ်။ ရူမေးနီးယား နိုင်ငံမှ ဂျာမန်မိသားစုတွင် လူဖြစ်လာခဲ့သည်တဲ့။ ပြီးတော့ ဘာလင်ကို ပြောင်းလာသည်။ ဆယ့်ခြောက်နှစ် ပြည့်သည်နှင့် ဆီးမင်းကုမ္ပဏီအလုပ်ရုံတွင် ဝင်လိုက်သည်။ နှစ်ဆယ့်တနှစ် အရွယ်တွင် စစ်ထဲ ဝင်သည်။ စစ်ပြီးတော့ ရရာ အလုပ်တွေ ကြုံသလို ဝင်လုပ်ခဲ့ရသည်။ နောက်ဆုံးတွင် ဓာတ်ရထားလက်မှတ်ရောင်း ဘဝကို ရောက်ခဲ့ခြင်း ဖြစ်သည်။ သည်အလုပ်ကို သူ သဘောကျသည်။ စမတ်ကျကျ ယူနီဖောင်း ဝတ်ရသည်။ ရွေ့လျားနေသည့် မြင်ကွင်းတွေကို သဘောကျသည်။ ခြေထောက်အောက်တွင် ဘီးတွေ လိမ့်နေသည့် ခံစားမှုကို သဘောအကျဆုံးတဲ့လေ။ အသက် သုံးဆယ့်ခြောက်နှစ် ရှိပြီ။ မိသားစု မရှိတော့။ သူ့အကြောင်း ပြောနေသည်နှင့် မတူဘဲ အခြားတယောက်အကြောင်းကို ပြောနေသည့်နှယ်။ သူ သိပ်မသိသူ တယောက်၊ သူ့အတွက် သိပ်အရေးမပါသူ တယောက်အကြောင်း ပြောနေသည့်အလား။ ကျွန်တော် သိချင်တာတွေ သူ့ခေါင်းထဲတွင် ဘာမျှ မရှိတော့သလို၊ အားလုံး ပျောက်ကွယ်သွားသလို ဖြစ်နေပြီ၊ ကျွန်တော် သူ့အကြောင်း ဘာကြောင့် စပ်စုနေမှန်း သူသိပုံ မရ။

ကျွန်တော်က သူ့မိဘတွေ ဘယ်လို ပျောက်ဆုံးသွားသည်၊ သူ့မှာ အစ်ကိုတွေ၊ အစ်မတွေ ရှိသေးသလား၊ ဘာလင်ရောက်ခါစက ဘဝကို ဘယ်လို စခဲ့သည်၊ တပ်ထဲတွင် ဘယ်လို တာဝန်မျိုးတွေ ထမ်းဆောင်ခဲ့သည် စသည် စသည်များကို သိချင်သည်။

"ကဲ... ကောင်လေး၊ မင်း သိချင်တာတွေလေ"

အနာဂတ်နှင့် ပတ်သက်လာလျှင်လည်း အလားတူပင်။ ဘာမျှ ရေရေရာရာမရှိ။ ကျွန်တော်က သူ့ကို လက်ထပ်ဖို့ နားပူနားဆာလုပ်နေခြင်း မဟုတ်ပါ။ ရှေ့ရေးကို အလေးအနက် တိုင်ပင်နေခြင်းလည်း မဟုတ်ပါ။ သို့သော် ကျွန်တော့်

mgyoe.com

mgyoe.com

က *ဂျူလီယန်ဆိုရဲလ်နှင့် မဒမ်ရီးနယ်တို့ ဇာတ်လမ်းကို ဂျူလီယန်နှင့် မသီးလ်ဒီလ်မိုးလ်တို့ ဇာတ်လမ်းထက် ပိုပြီး အလေးအနက်ထားချင်သည်။ **ဖီးလစ်ခရူးလ် တယောက် သမီးနှင့် မဆုံစည်းဘဲ အမေ့ရင်ခွင်ထဲကို ဝင်လိုက်ခြင်းအတွက် ပိုသဘောကျသည်။

ဂျာမန်ဘာသာကို ယူထားသည့် အစ်မက ညစာဝိုင်းတွင် ပြဿနာ တရပ်ကို ချဆွေးနွေးသည်။ ***ဂိုထေးနှင့် မဒမ်ဗွန်စတိန်းတို့ ဇာတ်လမ်းဖြစ်ခဲ့၊ မဖြစ်ခဲ့ဟူသည့် ကိစ္စ။ မဖြစ်နိုင်သည့်ဘက်က ကျွန်တော် အကျောက်အကန် ငြင်းသည်။ မိသားစုအရေးတွေနှင့် ရောထွေးကာ စိတ်ရှုပ်စရာတွေ ဖြစ်လာမည် စိုးသောကြောင့် ကျွန်တော် ဖွတ်ငြင်းရခြင်း ဖြစ်ပါသည်။

နောင်ဆယ်နှစ် ကြာလျှင် ကျွန်တော်နှင့် မမဟာန်နာတို့၏ ဇာတ်လမ်း ဘယ်လိုဖြစ်မည်ကို ကျွန်တော် မှန်းကြည့်သည်။ သည်အကြောင်းကို ပြောပြတော့ သူ လုံးဝ စိတ်မဝင်စား။ သူက လာမည့် အီစတာပွဲတော် အတွက်တောင် ကြိုမစဉ်းစားချင်ဘူး တဲ့လေ။ ကျွန်တော်က ပွဲတော်ရက်မှာ စက်ဘီးကိုယ်စီ စီးပြီး ခရီးထွက်ချင်သည်။ အခန်းတခန်း ငှားမည်ပေါ့။ သားအမိလို့ ပြောမည်ပေါ့။ ပြီးတော့ ညလုံးပေါက် ပျော်ကြမည်ပေါ့။

ထူးဆန်းသည်မှာ သည်လိုလုပ်ဖို့ ကျွန်တော် မရှက်မကြောက် လျှောက်တွေးနေမိခြင်း ဖြစ်သည်။ အမေနှင့်သာ အတူခရီးသွားရလျှင် သည်လိုလုပ်ဖို့ ဖြစ်နိုင်မည် မထင်။ ကျွန်တော့်အတွက် သီးသန့် အခန်းတခန်းရအောင် တောင်းမိလိမ့်မည် ထင်သည်။ ဆရာဝန်ဆီ သွားသည့်အခါ ဖြစ်ဖြစ်၊ ဈေးဝယ်ထွက်သည့်အခါ ဖြစ်ဖြစ် အမေနှင့်အတူ ကျွန်တော် အပြင်ထွက်ရလျှင် စိတ်ထဲ တမျိုးကြီး ဖြစ်နေတတ်သည်။ ကိုယ့်ကိုယ်ကိုယ် အရွယ်ရောက်နေပြီ ထင်နေခြင်းမျိုး။ အမေ

---

* ပြင်သစ်စာရေးဆရာ Stendhal (၁၇၈၃-၁၈၄၂) ၏ The Red and The Black ဝတ္ထုထဲမှ ဇာတ်ကောင်များ ဖြစ်သည်။ Sorel က အပျိုစင် Mathide ထက် အိမ်ထောင်သည် Modame Renal ကို ပို၍ စွဲလမ်းနေသည်ကို ရည်ညွှန်းခြင်း ဖြစ်သည်။

** ဂျာမန်စာရေးဆရာ Thomas Mann (၁၈၇၅-၁၉၅၅) ၏ Confession of Felix Krall ပြဇာတ်ထဲမှ သမီးထက် အမေကို ပို၍ချစ်သွားသော ဇာတ်ကောင် Felix Krall ကို ရည်ညွှန်းခြင်း ဖြစ်သည်။

*** Van Goethe (၁၇၄၉-၁၈၃၂) ဂျာမန်စာရေးဆရာ၊ ကဗျာဆရာ၊ တွေးခေါ်ရှင်၊ သိပ္ပံပညာရှင်၊ နိုင်ငံရေးသမား။

mgyoe.com

mgyoe.com SAMPLE BOOK

နှင့် အတူတူ လျှောက်သွားနေတုန်း သူငယ်ချင်းတွေ မြင်သွားမှာ စိုးနေတတ်သည်။ အမေ့နို့သက်ခံ စို့နေတဲ့ ကောင်ဟု အပြောခံရမှာ ကြောက်နေသည်။ သို့သော် မမ ဟန်နာနှင့် ဆိုလျှင် ကျွန်တော် ဘာမှမဖြစ်။ သူက အမေ့ထက် ဆယ်နှစ်ငယ် သည်။ သို့သော် အမေအရွယ်ပင်။ သူနှင့်ဆိုလျှင် ရှိုးတိုးရှန့်တန့် မဖြစ်ဘဲ ကျွန်တော် တယောက် မြောက်ကြွ မြောက်ကြွပင် ဖြစ်နေသေးသည်။ ငါကွ ဟူသည့် ပုံစံမျိုး။

သည်နေ့ သုံးဆယ့်ခြောက်နှစ်အရွယ် အမျိုးသမီးတယောက်ကို မြင် လျှင် ငယ်သေးသည်ဟုပင် ကျွန်တော် ထင်သည်။ သို့သော် ဆယ့်ငါးနှစ်အရွယ် လူငယ်တယောက်ကို တွေ့လျှင်လည်း မနူးမနပ်အရွယ် ချာတိတ်ကလေးပဲဟု သာ မြင်မိသည်။ မမဟန်နာကြောင့် ကျွန်တော်တယောက် အံ့သြစရာကောင်း လောက်အောင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ အပြည့်ရှိနေသည်။ ကျောင်း တွင် ကျွန်တော့် အမှတ်တွေ ပြန်တက်လာသည်။ ဆရာတွေ ကျွန်တော့်ကို အသိ အမှတ် ပြုလာကြသည်။ တလေးတစား ဖြစ်လာကြသည်။ အတန်းထဲမှ ကောင်မ လေးတွေလည်း အလားတူပင်။ သူတို့ကို ကျွန်တော် မကြောက်တော့။ သည့် အတွက် ကိုယ့်ကိုယ်ကိုယ် ကျေနပ်နေသည်။ ကိုယ့်ကိုယ်ကိုယ်လည်း ကလန်ကလား နှင့် အချိုးအစားမကျ ဖြစ်နေသည် မထင်တော့။

သူနှင့် စတွေ့ပုံကို ကျွန်တော် ကောင်းကောင်း မှတ်မိနေသည်။ သို့သော် စတွေ့သည့် ရက်သတ္တပတ်နှင့် ကျောင်းကြီးပိတ်ချိန်ကြားကာလ ဘာတွေဖြစ်ကြ သည်ကိုတော့ ဝိုးတဝါးဖြစ်နေပြီ။ မသဲကွဲတော့။ ဖြစ်နိုင်ခြေကတော့ ထိုအချိန်ပိုင်း တွင် ကျွန်တော်တို့ နေ့တိုင်း တွေ့နေကြခြင်းကြောင့်ဟု ထင်ပါသည်။ အပျော်ကြူး နေတာလောက်ပဲ မှတ်မိတော့သည်။ နောက်တကြောင်းမှာ သည်ကာလလောက် ကျွန်တော့်ဘဝ အဓိပ္ပာယ်အရှိဆုံးအချိန် မရှိခဲ့ဖူးခြင်းကြောင့်လည်း ဖြစ်နိုင်ပါ သည်။ ဘယ်တုန်းကမျှ ကျွန်တော်တယောက် သည်လောက် မသွက်ဖူးခဲ့၊ မတက် ကြွဖူးခဲ့။ တပြိုင်တည်းတွင် ဘယ်တုန်းကမျှ သည်ရက်ပိုင်းလောက် ကျွန်တော် ထုံထုံထိုင်းထိုင်းလည်း မဖြစ်ဖူးခဲ့။

နေမကောင်းသည့် အချိန်ပိုင်းက နောက်ကျနေခဲ့သော စာတွေ ကျွန်တော် ပြန်အမိလိုက်နိုင်ခဲ့သည်။ ကျောင်းစာတွေကို ကြောင် ပုစွန်စားသလို ကြွပ်ကြွပ်ဝါး နိုင်ခဲ့သည်။ စန္ဒိတကထာတွေကို အလွတ်ကျက်နိုင်ခဲ့သည်။ ဓာတုဗေဒ ပုံသေ

mgyoe.com


ဇယားတွေကိုလည်း အာဂုံဆောင်နိုင်ခဲ့သည်။ *ဝိမာသမ္မတနိုင်ငံ နှင့် **တတိယ ဂျာမနီနိုင်ငံ သမိုင်းကိုတော့ နေမကောင်းစဉ်က အိပ်ရာထဲတွင် အကျေအညက် ဖတ်ထားခဲ့သည်။

သည်တုန်းက အချိန်အများကြီးယူပြီး အတူနေခဲ့သည့် ရက်တွေကိုလည်း ကျွန်တော် သတိရနေသည်။ တနေ့မှာတော့ ညနေစောင်းသည်အထိ ကျွန်တော်တို့ တွေ့ကြသည်။ သူ ညနေပိုင်းတာဝန်ကျနေသည့် ရက်ပိုင်း ဖြစ်သည်။ သုံးနာရီမှ လေးနာရီခွဲ၊ ရံခါတွင် ငါးနာရီအထိ။ အိမ်တွင် ညစာစားချိန်က ခုနစ်နာရီ ဖြစ်၍ ဟန်နာက ကျွန်တော့်ကို စောစောပြန်ဖို့ နှင်သည်။ သို့သော် ကျွန်တော်တို့၏ ပျော်ပုံသစ်ချိန်သည် တနာရီ၊ တနာရီခွဲလောက်နှင့် မတင်းတိမ်နိုင်အောင် ဖြစ်လာကြသည်။ သည်တော့ ညစာစားဖို့ အချိန်မီ ပြန်မရောက်နိုင်ခြင်းအတွက် အိမ်တွင် အကြောင်းတွေ အမျိုးမျိုးပြဖို့၊ ဆင်ခြေ ဆင်လက်တွေ ပေးဖို့ ကျွန်တော် စဉ်းစားရတော့သည်။

သည်လို နောက်ကျရခြင်းမှာ သူ့ကို ဝတ္ထုတွေ ဖတ်ပြချိန်မှ စတင်ခဲ့သည်။ တညနေတွင် စကားပြောနေရင်း မမဟန်နာက ကျွန်တော့်ကို မေးသည်။ ကျောင်းမှာ ဘာတွေ သင်ရသလဲတဲ့။ သည်တော့ ကျွန်တော်က ဟိုမာအကြောင်း ***စီစီရိုအကြောင်း၊ ****ဟဲမင်းဝေး၏ ပင်လယ်ပြာနှင့် တံငါအို အကြောင်းတွေ ပြောပြလိုက်သည်။ ဇရာအို အဘိုးကြီးတယောက်နှင့် ငါးကြီးတကောင်၏ တိုက်ပွဲ ဇာတ်လမ်းကိုလည်း အသေးစိတ် ပြောပြလိုက်သည်။

သည်တော့ သူက ဂရိနှင့် လက်တင် ဆိုတာ ဘယ်လို ဘာသာရပ်တွေလည်း သိချင်လာပြန်သည်။ သည်တော့ ကျွန်တော်က ဟိုမာ၏ 'ခရီးကန္တာ ဝက်ပါ' (Odyssey) ကို ဖတ်ပြရသည်။ ဇာတ်ကောင် ကက်တာလိုင်းကို တိုက်ခိုက်သည့် မိန့်ခွန်းတွေ အကြောင်းလည်း ပြောပြသည်။

"မင်း ဂျာမန်စာပဲ သင်ရတာ မဟုတ်ဘူးလား ကောင်လေး"

"မမဟန်နာ ဘာဆိုလိုတာလဲဟင်"

---

* Weimar Republic ဝိမာတွင် ဖွဲ့စည်းနိုင်ခဲ့သည့် ဂျာမနီနိုင်ငံ (1919–1933)

** Third Reich တတိယဂျာမန်နိုင်ငံတော်

*** Cicero, Marcus Tullius (106–43 BC) ရောမ စာရေးဆရာ

**** Heminway Ernest (1898–1961) အမေရိကန်စာရေးဆရာ

mgyoe.com

mgyoe.com SAMPLE BOOK

"ဂျာမန်ဘာသာအပြင် နိုင်ငံခြားဘာသာတွေပါ သင်ရသလားလို့ မေးတာ"

"ပြဋ္ဌာန်းစာအုပ်တွေ ဖတ်ရတယ်လေ"

ကျွန်တော် နေမကောင်းသဖြင့် ကျောင်းပျက်နေသည့် ရက်များက အတန်းထဲတွင် *အေမီလီယာ ဂါလိုတီနှင့် **အချစ်ညှို့ငင်အား စာအုပ်တွေ ဖတ်ပြီး စာစီစာကုံး ပြန်ရေးကြသည်။ သည်တော့ ကျွန်တော်က အခြားစာအုပ်တွေ ဖတ်အပြီးတွင် သည်နှစ်အုပ်ကို ဖတ်ရသည်။ သို့သော် သည်နှစ်အုပ် ဖတ်ပြီးချိန်တွင် သန်းခေါင်ချဉ်းနေပြီ။ လူကလည်း နေမကောင်းသဖြင့် နောက်နေ့တွင် ဘာမျှ မမှတ်မိတော့သည့်အခါ တကျော့ပြန်ဖတ်သည်။

"အဲဒီ စာအုပ်တွေကို ဖတ်ပြပါလား ကောင်လေး"

"မနက်ဖြန် ယူလာပေးမယ်လေ၊ ကိုယ့်ဘာသာကိုယ် ဖတ်ပေါ့ မမဟာန်နာရဲ့"

"ကိုယ့်ဘာသာကိုယ် ဖတ်တာထက် မင်း ဖတ်တာက ပိုနားထောင်ကောင်းတယ်လေ၊ မင်းက သိပ်အသံကောင်းတာ"

"ဟာ... မမကလဲဗျာ၊ လာပါ"

နောက်တနေ့တွင် ကျွန်တော်က ရောက်ရောက်ချင်း ခါတိုင်းလို ဖက်နမ်းမည် လုပ်တော့ သူက ကျွန်တော့်ရင်ဘတ်ကို ဆီးတွန်းပြီး–

"ဟင့်အင်း... နောက်မှ၊ ခု အရင်ဖတ်ပြဦး" တဲ့။

အင်း... သူ အလေးအနက် ပြောနေတာကိုး။ ဤသို့ဖြင့် ရေချိုးပြီး အိပ်ရာမဝင်မီ ကျွန်တော်က အေမီလီယာကို ဖတ်ပြရသည်။ ကျွန်တော်က မမဟာန်နာနှင့် အတူတူ ရေချိုးရတာကိုလည်း အရသာတွေ့နေပြီ။

သူ့အတွက် စာတော်ဖတ်တာဝန် ထမ်းဆောင်ရသဖြင့် ရောက်စက ကျွန်တော်၏ နွားသိုး ကြိုးပြတ် စိတ်ရိုင်းတွေ ငြိမ်သွားပြီ။ ပြဇာတ်တပုဒ်ကို အသံထွက် ဖတ်ပြသည့်အခါ ဇာတ်ကောင်တို့၏ သရုပ်သကန်တွေ အတိုင်းအတာ တခုအထိ ရုပ်လုံးကြွလာသည်။ အသက်ဝင် လှုပ်ရှားလာသည်။ ထို့ကြောင့် ဖတ်ပြီး သွားလို့ ရေချိုးနေလျှင်လည်း ကျွန်တော်တို့ ကိုယ်တွေ ပြန်လည် ပူနွေး

* Emilia Galotti အခန်း ငါးခန်း ပါသည့် Gothold ပြဇာတ်

** Intrigues and Love Fredrick Schiller ၏ ပြဇာတ်

mgyoe.com

mgyoe.com


နေလေသည်။ ဤသို့ဖြင့် စာဖတ်ပြသည်။ အတူတူ ရေချိုးကြသည်။ ပြီးတော့ ချစ်ကြသည်။ ပြီးတော့ သူ့ကို နောက်မှ သိုင်းဖက်ကာ အပန်းဖြေသည်။ ဤသည်တို့မှာ ကျွန်တော်တို့ နှစ်ယောက် နိစ္စဓူဝ ဦးတည် လျှောက်လှမ်းသွားနေကျ ချစ်ဗိမာန် နန်းကလေး ဖြစ်လာလေတော့သည်။

မမဟာန်နာက ကျွန်တော် ဖတ်ပြသမျှကို အာရုံတစိုက် နားထောင်သည်။ ရယ်သည့်အခါ ရယ်သည်။ မကျေနပ်သည့်အခါ နှာခေါင်းရှုံ့သည်။ ဒေါသထွက်သည့်အခါ ထွက်သည်။ အားတက်သရော ဝေဖန်ချက်တွေ ပေးသည်။ သေသေချာချာ နားထောင်သည်မှာ ထင်ရှားသည်။ အေမီလီယာကိုရော လောင်းဝစ်ကိုပါ သူ သဘောမကျ။ အလကားကောင်မလေးဟု ထင်သည်။

တခါတလေမှာ သူ ကျွန်တော့်ကို ဆက်ဖတ်ခိုင်းရင်း အားမလို အားမရ ဖြစ်လာတတ်သည်။ မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာဘဲ အချစ်ဇာတ်လမ်း ပျက်သုဉ်းသွားသည့်အခါ နောက်ဆုံးတွင် မနူးမနပ်အရွယ်ကလေးလို သူ ဖြစ်သွားတတ်သည်။

"ဟယ် ဘယ်လို ဖြစ်သွားတာပါလိမ့်"

သူ သည်လိုဖြစ်သွားလျှင် ကျွန်တော် ဖတ်ရတာ ပိုအားရှိသည်။ နေ့တာရှည်ချိန် ရောက်လာလျှင် ကျွန်တော် စာဖတ်ချိန် ပိုရသည်။ ချစ်သူ့ရင်ခွင်တွင် တိုးဝှေ့ ဆိုးနွဲ့ဖို့ အချိန်ပိုရသည်။ ညနေဆည်းဆာရောင် ပြေးသည်အထိ အိပ်ရာပေါ်မှ ကျွန်တော် မဆင်း။ ဤသို့ဖြင့် ကျွန်တော့်ကိုယ်ပေါ်တွင် သူ အိပ်ပျော်သွားတတ်သည်။ ထိုအချိန်တွင် တိုက်ရှေ့သစ်စက်ဆီမှ လွှပိုင်းသံလည်း တိတ်နေပြီ။ မီးဖိုခန်းထဲသို့ မှောင်ရိပ်ထိုးဆင်းလေပြီ။ တေးသီငှက်ကလေး အိပ်တန်းတက် ကျူးရင့်သံလည်း ပျံလွင့်လာပြီ၊ သည်ထက် ပျော်စရာကောင်းသည့် ကာလ ကျွန်တော့် ဘဝတွင် ဘယ်တုန်းကမျှ မရှိခဲ့ဖူးပါချေ။

❐

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁၀)

အီစတာပွဲတော်ရက် ပထမနေ့၊ ကျွန်တော် မနက်လေးနာရီတွင် အိပ်ရာမှ ထသည်၊ မမဟာန်နာက မနက်အစောပိုင်း အဆိုင်းတွင် တာဝန်ကျသည်။ ဓာတ်ရထား ဘူတာရုံသို့ မနက်စောစော သူ စက်ဘီးနှင့် သွားသည်။ ရှဝက်ဇင်ဂျန်ဘူတာတွင် လေးနာရီခွဲဆို သူ ဓာတ်ရထားပေါ် ရောက်နေပြီ။ အထွက်တွင် လူရှင်းနေပြီး အပြန်ခရီးတွင်သာ လူပြည့်ကြောင်း သူ ကျွန်တော့်ကို ပြောဖူးသည်။

ဒုတိယမှတ်တိုင်မှ ကျွန်တော် တက်စီးလိုက်သည်၊ ဒုတိယတွဲတွင် လူရှင်းနေသည်။ မမဟာန်နာက ရှေ့ဆုံးတွဲတွင် စက်ဗိုလ်အနား ကပ်ရပ်နေသည်။ ပထမတွဲ တက်ရမှာလား၊ ဒုတိယတွဲ တက်ရမှာလား ကျွန်တော် ဇဝေဇဝါဖြစ်နေပြီးမှ ဒုတိယတွဲပေါ် ခုန်တက်လိုက်ခြင်း ဖြစ်သည်၊ လူပိုရှင်း၍ ကျွန်တော်တို့နှစ်ယောက် လစ်လျှင် လစ်သလို ကဲလို့ရသည်လေ။

သို့သော် ဒုတိယတွဲဆီသို့ သူ ကူးမလာ။ ကျွန်တော် တက်လာသည်ကို သူ မမြင်ဘဲ နေမည် မဟုတ်။ လူရှင်းနေသည့် ပလက်ဖောင်းပေါ် ရပ်နေကတည်းက သူ လှမ်းမြင်မည် မုချ။ ကျွန်တော့်ကို မြင်လို့ သူတို့ ရပ်ပေးတာ မဟုတ်လား။ သူက စက်ဗိုလ်နှင့် ဆက်ပြီး လေပစ်နေသည်၊ ရယ်ရယ်မောမော။ သူတို့ကို ကျွန်တော် အတိုင်းသား မြင်နေရသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


စာတ်ရထားသည် မှတ်တိုင်တွေ တခုပြီးတခု ဖြတ်ကျော်နေသည်။ မှတ်တိုင်တိုင်းတွင် တက်မည့် ခရီးသည် မရှိ။ လမ်းတွေပေါ်တွင်လည်း လူရှင်းနေသည်။ မိုးစင်စင် မလင်းသေး၊ ကောင်းကင်တွင် အလင်းရောင် ဖြူဖျော့ဖျော့က အားမကောင်းသေး။ အဆောက်အအုံတွေပေါ်၊ လမ်းဘေးတွင် ရပ်ထားသည့် ကားတွေပေါ်၊ သစ်ပင်များမှ ရွက်သစ်တွေ၊ ပန်းချုံပန်းရုံများပေါ်မှ အဖူးအပွင့်တွေပေါ်သို့ နေခြည်မဖြာ့တဖြာ။ ဆီလှောင်သံကန်တွေ၊ ဟိုးအဝေးမှ တောင်တန်းတွေပေါ်တွင်လည်း ရွှေရောင် မသန်းသေး။

စာတ်ရထားသည် ဖြည်းဖြည်းမှန်မှန် မောင်းနေသည်။ မှတ်တိုင်တိုင်းတွင် ရောက်ရမည့် အချိန်ကို တွက်ပြီး ဘီးလိမ့်နေပုံ။ ကျွန်တော်သည် ပြေးသည်ဆိုရုံ ပြေးနေသည့် စာတ်ရထားတွဲထဲတွင် အကျဉ်းချခံနေရသည့် အလား။ ပထမတော့ ထိုင်ခုံတခုံတွင် ကျွန်တော် ဝင်ထိုင်သေးသည်။ နောက်မှ စကြံတွင် ထွက်ရပ်ကာ သူ့ကို စိုက်ကြည့်နေလိုက်သည်။

ကျွန်တော့်အား ကျောပေးရပ်နေသော သူ့ကို ကျွန်တော့် အကြည့်က ဖောက်ထွင်းသွားအောင် စိတ်ခွန်အားထည့်၍ ကြည့်ခြင်းမျိုး။ ခဏနေတော့ တဖက်သို့ လှည့်လာပြီး ကျွန်တော့်ကို တချက်လှမ်းကြည့်သည်။ ပြီးတော့ စက်ဗိုလ်နှင့် ဆက်စကားပြောနေသည်။ စာတ်ရထားက ဆက်သွားနေ၏။ အီပယ်အိမ်ကို ဖြတ်ပြီးသည့်အခါ သံလမ်းဆုံးသွားသည်။ မြေပြင်ပေါ်တွင် သံလမ်း မရှိတော့ပေ။ ကျောက်စရစ်ခင်းလမ်းပေါ်တွင် ဝုန်းဒိုင်းကြဲ ဆက်ပြေးနေသည်။ စာတ်ရထားနှင့် မတူတော့ဘဲ ရိုးရိုးရထားသံ ထွက်နေခြင်း ဖြစ်သည်။ သည်လမ်းကြောင်း ကျွန်တော် သိနေသည်။ ရှဝက်ဇင်ဂျန်အထိ သည်အတိုင်း သွားနေလိမ့်မည်။ စိတ်ဓာတ်တွေ သုညအောက်သို့ ထိုးကျသွားသည်။ အပယ်ခံတယောက်လို ခံစားလိုက်ရ၏။ အချစ်ရှိသော လူတွေ နေသည့် ကမ္ဘာကြီး၊ အချစ်အားဖြင့် ရှင်သန်လှုပ်ရှားနေသော ကမ္ဘာကြီးထဲမှ ကျွန်တော်သည်ကား မောင်းထုတ် စွန့်ပစ်ခံလိုက်ရသူပါတကား။ လူ မပါသည့် ရထားတွဲထဲတွင် အဆုံးမရှိသော ခရီးကို သွားနေသည့်နှယ်တည်း။

မှတ်တိုင်တခု ရောက်တော့ ကြိုးကို ကျွန်တော် ဆွဲလိုက်သည်။ ရပ်ဖို့ ထွက်ဖို့ လက်မှတ်ရောင်းများက ဆွဲပြီး စက်ဗိုလ်အား အချက်ပေးသည့် ကြိုးဖြစ်သည်။ စာတ်ရထား တုံ့ခနဲ ရပ်သွားသည်။ စက်ဗိုလ်ကရော မမဟာန်နာပါ ကျွန်တော့်ကို ဘယ်သူမျှ ငဲ့မကြည့်။ သူတို့နှစ်ယောက်စလုံး ခေါင်းလောင်းသံကို ကြားပါ

mgyoe.com

m g y o e . c o m SAMPLE BOOK


လျက် လှမ်းမကြည့်ခြင်း ဖြစ်သည်။ ကျွန်တော် ဆင်းသွားမှ ကျွန်တော့်ကို ကြည့်ပြီး သူတို့ရယ်နေကြမည် ထင်သည်။ ဟုတ်ချင်မှလည်း ဟုတ်ပါလိမ့်မည်။ ကျွန်တော့် အတွေးသက်သက် ဖြစ်ပါ၏။

ဓာတ်ရထား မြေနိမ့်ပိုင်းသို့ ဆက်မောင်းသွားသည်။ တောင်စွယ်တခုတွင် ချိုးကွေ့ ပျောက်ကွယ်သွားသည်အထိ ကျွန်တော် ငေးကြည့်နေမိသည်။ ဘောင်ခတ်ထားသည့် ဓာတ်ရထား ကျောက်စရစ်လမ်းနှင့် ကားလမ်းအကြားတွင် ကျွန်တော် ရပ်နေမိသည်။ ဘေးဘီဝန်းကျင်တွင် လယ်ကွင်းတွေနှင့် စားပင်တွေအပြင် အစိမ်းရောင် ပလတ်စတစ်တွေ မိုးထားသည့် ပျိုးဥယျာဉ်များ။ လေနုအေးကလေးက သုန်သုန်မြူးလျက်။ ကြေးငှက်သာရကာတို့ နံနက်ချိန်ခါ တေးသံသာကို သီကျူးနေကြပြီ။ တောင်တန်းများပေါ်တွင် နေခြည်ဖြာစ ပြုလေပြီ။

ဓာတ်ရထားခရီးမှာ ကျွန်တော့်အတွက် အိပ်မက်ဆိုးတခုနှယ်ပါလား။ သည်အဖြစ်၏ နိဂုံးပိုင်းကို ကျွန်တော် ပြက်ပြက်ထင်ထင် မှတ်မိမနေလျှင် သည်အဖြစ်ကို ကျွန်တော် တကယ်ပင် အိပ်မက်ဆိုးအဖြစ် စွဲနေမည် မုချ ဖြစ်ပါသည်။ ဓာတ်ရထားမှတ်တိုင်တွင် ရပ်ပြီး ငှက်ကလေးတွေ တေးဆိုသံကို နားထောင်နေရင်း နေခြည်ဖြာ၍ နွေးလာသည်ကို ခံစားရသည်မှာ အိပ်ရာမှ နိုးလာသည်နှင့် တူပါသည်။ သို့သော် အိပ်မက်ဆိုးမှ နိုးလာခြင်းကြောင့် ရင်ထဲ ပေါ့မသွားပေ။ အိပ်မက်ဆိုးကြီးထဲမှ ချက်ချင်း ရုန်းမထွက်နိုင်သေး။ ကြောက်စရာ အမှောင်ထုကြီးက လွှမ်းမိုးထားဆဲ ဖြစ်သည်။ ဘယ်ရွေ့ဘယ်မျှ ကြောက်စရာကောင်းသည်ကို မှတ်မိနေသည်။ သိနေသည်။ သည်ထိတ်လန့်တုန်လှုပ်ဖွယ် ကောင်းလှသည့် အိပ်မက်သည် အိပ်မက်နှင့် မတူဘဲ တကယ့်အဖြစ်နှင့် တူနေသည်။ မျက်ရည်တွေ ကျပြီး ကျွန်တော် အိမ်ပြန်လာခဲ့သည်။ တလမ်းလုံး ငိုလာသည်။ အိပယ်အိမ် ရောက်မှ ကျွန်တော် အငိုတိတ်သွားသည်။ တလမ်းလုံး ကျွန်တော် လျှောက်ပြန်လာခဲ့သည်။ တခါ နှစ်ခါ ဓာတ်ရထားပေါ် ပြန်ခုန်တက်ဖို့ စိတ်ကူးသေးသည်။ ဓာတ်ရထား ဖြတ်မောင်းသွားသည်။ သူ့ကို ကျွန်တော် မတွေ့နိုင်တော့၊ လူတွေ အပြည့် အကျပ် ဖြစ်နေပြီ။

နေ့လယ်ပိုင်းတွင် အခန်းရှေ့မှ ကျွန်တော် ရပ်စောင့်နေသည်။ စိတ်ထဲတွင် နောက်ကျို ရှုပ်ထွေးလျက်။ စိုးရိမ်စိတ်နှင့် ဒေါသ ရောထွေးနေ၏။ သူ ပြန်ရောက်လာသည်။

m g y o e . c o m

mgyoe.com

"ဘာလဲ ကျောင်းပြေးလာပြန်ပြီလား"

"ဒီနေ့ ကျောင်းပိတ်တယ်လေ၊ ဒီမနက် မမဟာန်နာ ဘာဖြစ်တာလဲ ဟင်"

သူ တံခါးဖွင့်ပြီး အခန်းထဲ ဝင်သည်။ မီးဖိုခန်းဆီ ဆက်လျှောက်သွားတော့ ကျွန်တော် နောက်က လိုက်သွားသည်။

"မင်း ဘာဆိုလိုတာလဲ၊ ဘာဖြစ်ရမှာလဲ"

"ဘာလို့ ကျွန်တော့်ကို မသိချင်ယောင် ဆောင်နေတာလဲ၊ ကျွန်တော်က..."

"ဘာ... မသိချင်ယောင်ဆောင်တယ် ဟုတ်လား"

သူက ချာခနဲလှည့်ပြီး ကျွန်တော့်ကို အေးစက်စက် မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။

"မသိချင် ယောင်ဆောင်တာက မင်း မဟုတ်ဘူးလား။ ပထမတွဲမှာ ငါ ရှိမှန်းသိရက်နဲ့ ဘာလို့ နောက်တွဲကို တက်သွားတာလဲ"

"ဟောဗျာ... ကျွန်တော့်မှာ ကျောင်းစပိတ်တဲ့ နေ့ ဆိုပြီး မနက် လေးနာရီခွဲမှာ ထတယ်၊ မမ အံ့သြသွားအောင် ဆိုပြီး နောက်တွဲကို တက်တယ်၊ မမ ဝမ်းသာအောင်လို့.."

"အို... သနားစရာကလေးပါလား၊ မနက်အစောကြီး ထတယ်၊ ကျောင်းစပိတ်တဲ့နေ့ တဲ့"

သူက ခေါင်းယမ်းပြီး ပြောနေခြင်း ဖြစ်သည်။ သူ သည်လို သရော်တော်တော် လေသံဖြင့် တခါမျှ မပြောဖူးခဲ့ပါ။

"မင်း ဘာလို့ ဓာတ်ရထား လာစီးတယ် ဆိုတာ ငါ ဘယ်လို သိမှာလဲ၊ ငါ့ကို အံ့သြအောင် လုပ်မှန်း ငါ ဘယ်လိုလုပ် သိမှာလဲ၊ အဲဒါ မင်းအလုပ်၊ ငါ့ အလုပ် မဟုတ်ဘူး။ သွားတော့၊ မင်း ပြန်တော့"

ကျွန်တော့်ဒေါသတွေ ရင်ထဲတွင် ပြောင်းဆန်သွားပုံကို ကျွန်တော် ဖော်ပြနိုင်စွမ်း မရှိတော့ပါ။

"ဟာဗျာ... အဲဒါတော့ မမဟာန်နာ မတရားဘူး။ မမနဲ့ တွေ့ဖို့ ဓာတ်ရထား လိုက်စီးတယ် ဆိုတာ မမ သိရမှာပေ့ါ၊ ကျွန်တော်က မမကို ဘာလို့ မသိချင်ယောင် ဆောင်ရမှာလဲလို့၊ အဲဒီလိုဆို ကျွန်တော် ဘာလို့ အစောကြီးထပြီး တကူးတက လာရမှာလဲ"

mgyoe.com

m g y o e . c o m SAMPLE BOOK


"ပြောပြီးပြီလေ၊ အဲဒါတွေက မင်း ကိစ္စပါလို့ ငါ မသိဘူး ကဲ.. သွားတော့"

ပြောပြောဆိုဆို စားပွဲကို တွန်းရွှေ့လိုက်သည်။ သူနှင့် ကျွန်တော့်ကြား တွင် စားပွဲ ခြားသွားပြီ။ သူ့အကြည့်၊ သူ့အသံ၊ သူ့အမူအရာအားလုံးကို ကျွန်တော် နားလည်သွားပြီ၊ ကျွန်တော့်ကို ပိုင်နက်ကျူးလွန်သူ တယောက်ပမာ မောင်းထုတ် နေလေပြီ။

ဆိုဖာပေါ်တွင် ကျွန်တော် ဝင်ထိုင်လိုက်သည်။ ဘယ်လိုတယ်လို စိတ်ရိုင်း ဝင်သွားတာပါလိမ့်။ ကျွန်တော်သည် အော်ဟစ်ပြီး ရန်ဖြစ်ပစ်လိုက်ချင်စိတ် ပေါက် လာသည်။ သို့သော် သည်လိုလုပ်၍ မဖြစ်သေး။ ပွဲကြမ်းနေသူက မမဟာန်နာ။ ကျွန်တော် ဇဝေဇဝါ ဖြစ်လာသည်။ သူ ပြောတာတွေ မှန်များနေမည်လား။ ဓမ္မ မိဋ္ဌာန် မဟုတ်တောင် ပုဂ္ဂလမိဋ္ဌာန် မှန်ကောင်း မှန်နေမည်လား။ ကျွန်တော့်အပေါ် သက်သက် အထင်လွဲခြင်းလား။ ကျွန်တော် မရည်ရွယ်ဘဲ သူ့ကို နာကြည်းအောင် လုပ်ခဲ့မိပြီလား။ သူ နာကြည်းသွားသည်တော့ အမှန်။

"ကျွန်တော် တောင်းပန်ပါတယ် မမဟာန်နာ၊ အားလုံး ခုတ်ရာတခြား၊ ရှရာတခြား ဖြစ်ကုန်တာပါ။ မမကို ကျွန်တော် ထိခိုက်အောင် တမင်လုပ်တာ မဟုတ် ပါဘူး။ ဒါပေမဲ့ အဲဒီလို လုပ်သလိုမျိုး ဖြစ်သွား..."

"ဘာ... အဲဒီလို လုပ်သလိုမျိုး ဟုတ်လား။ ဘာလဲ မင်းက မင်းကိုယ်မင်း ငါ့ကို ထိခိုက်အောင် လုပ်နိုင်တယ် ထင်နေသလား၊ မင်းမှာ အဲဒီစိတ်ခွန်အားမျိုး မရှိပါဘူး ကောင်လေး၊ ကဲ . . . မင်း ပြန်တော့၊ ငါ ပင်ပန်းလာတယ်၊ ရေမိုးချိုးပြီး စိတ် အေး လက်အေး နားတော့မယ်"

သူ့ကြည့်ပုံက ကျွန်တော့်ကို အာဏာစက်သုံးပြီး မောင်းထုတ်နေပုံ၊ ကျွန်တော်က မထဘဲ ဆက်ထိုင်နေတော့ သူ ပခုံးတွန့်ပြီး လှည့်ထွက်သွားသည်။ ရေချိုးကန် ရေဖြည့်ဖို့ ရေဖွင့်ချသည်။ ပြီးတော့ အဝတ်တွေ ချွတ်ချသည်။

သည်တော့မှ ကျွန်တော် ထပြန်လာခဲ့သည်။ ကျွန်တော့်စိတ်ထဲ သူ့ကို အပြီးအပိုင် နှုတ်ဆက်ခဲ့သည် ထင်နေ၏။ ပြန်တွေ့စရာအကြောင်း မရှိနိုင်တော့ ဟု ထင်လိုက်၏။ သို့သော် နောက်နာရီဝက်ကြာတော့ သူ့အခန်းဝကို ကျွန်တော် ပြန်ရောက်နေသည်။ သူ တံခါးဖွင့်ပေးသည်။ ကျွန်တော် ဝန်ချတောင်းပန်လိုက် သည်။ အားလုံး ကျွန်တော့်အမှား ဖြစ်ကြောင်း၊ မဆင်မခြင် မိုက်မှားမိကြောင်း၊ မချစ်ပြင်ပြင် တမင်စိမ်းကားသလို ဖြစ်သွားကြောင်း စသည်ဖြင့် စသည်ဖြင့် ပြောပြီး

m g y o e . c o m

mgyoe.com
SAMPLE BOOK


ကျွန်တော် စိတ်ပျက်လက်ပျက်ပုံစံဖြင့် ရပ်နေသည်။ ကျွန်တော် သဘောပေါက်သွားပြီ။

သူလည်း စိတ်ထိခိုက်နေသည်ပဲ။ သူ့ကို ကျွန်တော့်အနေဖြင့် စိတ်ထိခိုက်အောင် မလုပ်နိုင် ဟူသည့် အစွဲကြောင့် သူ တင်းခံနေခြင်းသာ ဖြစ်မည်။ ကျွန်တော့် အပြုအမူကိုတော့ သူ မကြိုက်တာ အမှန်။ သူလည်း ကျွန်တော့်နည်းတူ ခံစားနေရကြောင်း ဝန်ခံသည့်အခါ ကျွန်တော် ပျော်သွားသည်။

ဒါဆို သူ ဟန်ဆောင်ပြီး မာနမင်းသမီး လုပ်နေတာပေါ့။ သူ ပြောသလောက် မမာဘူးပေါ့။

"ဒါဆို ကျွန်တော့်ကို မမဟန်နာ ခွင့်လွှတ်တယ်ပေါ့"

သူ ခေါင်းညိတ်သည်။

"ကျွန်တော့်ကို ချစ်လား"

သူ ခေါင်းညိတ်ပြန်သည်။

"ဟိုမှာ ရေပြည့်နေပြီ၊ လာ... ရေချိုးပေးမယ်"

နောက်မှ ကျွန်တော် စဉ်းစားကြည့်ဖြစ်သည်။ ကျွန်တော် ပြန်လာမည်ကို သိလို့ ရေဖြည့်ပြီး စောင့်နေတာများလား၊ အဝတ်တွေ ချွတ်ချလိုက်တာက ကျွန်တော့်ကို ပြန်မလာဘဲ မနေနိုင်အောင် ညှို့လိုက်တာလား၊ ဒါမှမဟုတ် သည် တိုက်ပွဲကို အနိုင်ယူရုံ သက်သက်လား၊ ဤသို့လျှင် ကျွန်တော် အမျိုးမျိုး တွေးကြည့်မိခဲ့သည်။

ပျော်ကြ၊ ချစ်ကြပြီးလို့ နှစ်ယောက်သား ခုတင်ပေါ်တွင် လှဲနေစဉ် ကျွန်တော်က ဘာကြောင့် ဒုတိယတွဲပေါ် တက်လိုက်ခဲ့ကြောင်း ပြောတော့ သူက ကျွန်တော့်ကို စသည်။

"ဘာလဲ လူတယောက်မှ မရှိလို့ မဟုတ်လား။ ဓာတ်ရထားပေါ်မှာ ကဲချင်လို့ မဟုတ်လား၊ ကောင်လေး၊ လူဆိုးလေး"

ထိုအခါ ကျွန်တော်တို့ ရန်ပွဲသည် အကြောင်းမဲ့သက်သက်လို ဖြစ်သွားလေတော့သည်။ သို့သော် သက်ရောက်မှုကား ရှိခဲ့လေသည်။ ကျွန်တော်သည် တိုက်ပွဲရှုံးခဲ့ရုံမကဘဲ ရန်ပွဲကလေး ပြီးသွားသည်နှင့် သူ့လွှမ်းမိုးမှုအောက်ကို လုံးလုံးလျားလျား ရောက်သွားလေတော့သည်။ သူက ကျွန်တော့်ကို မောင်းထုတ်သည်။ ပြီးတော့ သူ့ကိုယ်သူ ထိန်းနိုင်ကြောင်း ပြသည်၊ သည်နောက်ပိုင်းတွင် မမကို ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK


အန်မတုတော့ပေ။ သူ ကျွန်တော့်ကို အနိုင်ယူလျှင် လည်စင်းခံနေလိုက်သည်။ လက်မြှောက်ထားလိုက်သည်၊ သူပြောသမျှ ငုံ့ခံသည်၊ ကျွန်တော် မကျူးလွန်သည့် အပြစ်ကို သူ စွဲချက်တင်လျှင်လည်း ဝန်ခံလိုက်သည်။ သူ ဒေါသဖြစ်ပြီး အေးစက်စက် လုပ်နေလျှင်လည်း ကျွန်တော့်ကို ခွင့်လွှတ်ဖို့ သနားဖို့ ချစ်ဖို့ ဒူးထောက် တောင်းပန်သည်။ တခါတလေတွင် ကျွန်တော် စဉ်းစားမိသည်၊ ကျွန်တော့်အပေါ် မာကျော အေးစက်နေသည့်အခါ သူကိုယ်တိုင်လည်း တနည်းတဖုံ စိတ်ဆင်းရဲနေလေမည် လား ဟူ၍။ ကျွန်တော် ဒူးထောက် တောင်းပန်တာကိုပဲ သူ လိုချင်နေတာလား၊ ကျွန်တော် သည်လို အရှုံးပေးတာကိုပဲ သူ ကြည်နူးနေတာလားလို့လည်း တွေးမိ ရဲ့။ သည်နှစ်မျိုးစလုံး မှန်နေရင်လည်း သူ ကျွန်တော့်ကို သက်သက် အနိုင်ကျင့် နေတာ ဆိုရင်လည်း ကျွန်တော် ဘာမျှ တတ်နိုင်မည် မဟုတ်ပါ။

ရန်ပွဲတွေအကြောင်း ကျွန်တော် ပြန်မနှုးနေတော့ပါ။ သည်အကြောင်း စမိလျှင် နောက်ထပ် ရန်ပွဲအသစ်တခု ဖြစ်ဖို့သာ ရှိသည်။

တခါ၊ နှစ်ခါတော့ သူ့ကို စာရေးပြီး ရှင်းပြဖူးသည်၊ ဘယ်တော့မျှ အကြောင်း မပြန်၊ ကျွန်တော် ရေးသည့် စာတွေအကြောင်း မေးလျှင် “မင်း ဒီအကြောင်း ပြန်စ ပြန်ပြီလား” ဟု ဟောက်သည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁၁)

မည်သို့ဖြစ်စေ ကျွန်တော်နှင့် မမဟာန်နာတို့ နှစ်ယောက်စလုံး အီစတာ ပွဲတော်ခရီး ပထမရက် နောက်ပိုင်းတွင် ပျော်နေခဲ့ကြပါသည်။ ဆိုရလျှင် ဧပြီလမှာထက်တောင် ကျွန်တော်တို့ ပို၍ ပို၍ ပျော်ပုံသစ်နေကြသည်။ စင်စစ် ကျွန်တော်တို့ ရန်ဖြစ်ကြခြင်းမှာ တကယ်ဖြစ်ခဲ့ကြခြင်း မဟုတ်၊ ဖြစ်ပြီး ပြန်တည့်သည့် အချိန်က ပိုပျော်စရာကောင်းသဖြင့် တမင်ဖြစ်နေကြတာပါ။

ထို့ကြောင့်ပင် ကျွန်တော်တို့၏ စာဖတ်ပွဲကလေးတွေ ပိုပြီး အသက်ဝင်လာသည်။ ရေချိုးရတာထက် ပိုပျော်စရာ ကောင်းလာသည်။ ချစ်ခင်ယုယပုံ အဖုံဖုံလည်း ပို၍ ပို၍ လေးနက်ကျယ်ပြန့်လာသည်။ နှစ်ယောက်သား အိပ်ရာထဲမှာ ရွှေလည်တွဲကာ ကြည်နူးစရာ အချိန်တွေကလည်း ပို၍ ပို၍ ချိုမြိန်လာသည်။

သူ့ဘက်က သည်ထက်ပိုတာ ရှိသေးသည်။ ကျွန်တော်က သူနှင့် တွဲနေမှန်း လူမသိစေချင် ဟူသည့် စွပ်စွဲချက်ဖြင့် ကျွန်တော့်ကို အပေါ်စီးမှ အနိုင်ယူနေခြင်း ဖြစ်၏။

လူသိမခံချင်တာက ကျွန်တော် မဟုတ်ဘူး၊ မမဟာန်နာပါလို့ ပြောလျှင် သူက ဘယ်တော့မျှ လက်မခံ၊ ဤအခြေအနေမှာ အီစတာပွဲတော်ရက် နှစ်ယောက်သား စက်ဘီးကိုယ်စီဖြင့် လေးရက်ခရီး မထွက်မီ အခြေအနေဖြစ်သည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

အိမ်ကို ဘယ်လိုအကြောင်းပြပြီး ဒီခရီး ထွက်ဖြစ်မှန်း ကျွန်တော် မမှတ်မိ။ သူငယ်ချင်းဖြစ်သူ မားသီးယပ်စ်နှင့်အတူ သွားမည်ဟု ပြောခဲ့တာလား၊ အဖွဲ့နှင့် သွားမည်၊ သူငယ်ချင်းတယောက်ဆီ သွားမည် စသည်ဖြင့် မည်သို့ အကြောင်းပြ ချက်ဖြင့် သွားခဲ့သည်ကို ကျွန်တော် ပြန်ဖော်လို့ မရတော့ပြီ။ အမေကတော့ ထုံးစံ အတိုင်း စိတ်ပူနေမှာ သေချာသည်။ အဖေကလည်း ထုံးစံအတိုင်း သိသွားလိမ့် မည်။ အမေ့ကို စိတ်မပူဖို့ ဖျောင်းဖျလိမ့်မည်။ ဘယ်သူမျှ ကျွန်တော့်ကို စာမေးပွဲ အောင်လိမ့်မည်ဟု မထင်ကြ။ သို့သော် ကျွန်တော် အောင်ခဲ့ပါသည်။

ကျွန်တော် ဖျားနေစဉ်က ရခဲ့သည့် မုန့်ဖိုးတွေကို တပြားတချပ်မျှ မသုံး ခဲ့ပါ။ မမဟာန်နာအတွက်ပါ ကျွန်တော်က စားစရိတ်ခံချင်သည်လေ။ သို့သော် ကျွန်တော့်ပိုက်ဆံက မဖြစ်စလောက်။ ထို့ကြောင့် စုထားသည့် တံဆိပ်ခေါင်းတွေ ရောင်းထုတ်ဖို့ ကျွန်တော် စဉ်းစားရတော့၏။ ဘုရားကျောင်းနောက်မှ တံဆိပ်ခေါင်း ဝယ်ရောင်းဆိုင်သို့ ကျွန်တော် ထွက်လာခဲ့သည်။ သည်အနီးအနားတွင် သည် တဆိုင်သာ ရှိသည်။ ဆိုင်ရှင်က ကျွန်တော့် တံဆိပ်ခေါင်းအယ်လ်ဘမ်ကို ကြည့် ပြီး မတ်ခြောက်ဆယ်ပဲ ပေးနိုင်မည်ဟု ဆိုသည်။

ကျွန်တော်က ကက်တလောက်ထဲမှ မတ်လေးရာဟု တန်ဖိုးသင့်ထား သည့် ပိရမစ်ပုံနှင့် အီဂျစ်တံဆိပ်ခေါင်းကို လက်ညှိုးထိုးပြလိုက်သည်။

သူက ပခုံးတွန့်ပြီး–

"အဲဒီလောက် တန်ဖိုးရှိတယ် ထင်ရင် မင်း မရောင်းသင့်ဘူး၊ သိမ်းထား ပေါ့။ မင်းမိဘတွေကလဲ သဘောတူမှာ မဟုတ်ဘူး"

ကျွန်တော်က သူနှင့် ဆက်ညှိသည်။

"ဒါဆို ဒီလိုလုပ်ဗျာ၊ အဲဒီ ပိရမစ်တံဆိပ်ခေါင်းကို ကျွန်တော် ယူထား မယ်၊ ခင်ဗျား မတ်သုံးဆယ်ပေး"

သူက နှစ်ဆယ်ပဲ ပေးသည်။ မတရားနိုင်မှန်း သိသော်လည်း နှစ်ဆယ် နှင့်ပဲ ကျွန်တော် ကျေနပ်လိုက်ရတော့သည်။

ခရီးထွက်ဖို့ ကျွန်တော်သာ ခြေတကြွကြွနှင့် ရင်ခုန်နေသည် မဟုတ်။ မမဟာန်နာပါ စိတ်တွေ လှုပ်ရှားနေပြီး အပျော်ကြီး ပျော်နေသည့်အတွက် ကျွန်တော် အံ့ဩမဆုံး ဖြစ်နေသည်။ အထုပ်အပိုးတွေ ပြင်နေရင်း အယောင်ယောင် အမှားမှား

mgyoe.com